ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (30-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၃)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြား




နေပြည်တော် စက်တင်ဘာ ၂၉

e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂) ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စာမျက်နှာ ၁၉ ကော်လံ ၁

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မုတ္တမကွေ့ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင်ဖြစ်ပေါ်နေသည့် အားကောင်းခဲ့သော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)၏ အရှိန်ကြောင့် တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့်ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း စာမျက်နှာ ၂၄ ကော်လံ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။



# အညိုရောင်အဆင့် ကုန်းတွင်းမုန်တိုင်းငယ် မြန်မာနိုင်ငံ ညောင်ဦးမြို့အနောက်ဘက်မှ ဖြတ်ကျော်နေ




နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့ကြားမှ ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)သည် စာမျက်နှာ ၂၄ ကော်လံ ၁

# မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၉

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစည်းကမ်းချက်များချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် စာမျက်နှာ ၂၄ ကော်လံ ၃



မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်စဉ်။

ရတနာပုံ

ယနေ့ဖတ်စရာ

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း စာမျက်နှာ - ၂၂

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို ပုံဖော်တည်ဆောက်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ခေတ်နှင့်အညီ တွေးခေါ်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားသည့်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို နိုင်ငံတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်အဖြစ်သတ်မှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့သို့ စက်တင်ဘာ ၂၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် **"ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ်မွေးထုတ်ပေးသွားရန်လိုကြောင်း"** စသည်ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

ပညာရေးကဏ္ဍကို မြှင့်တင်ရာတွင် သင်ကြားရေးနှင့်သင်ယူရေးအခြေအနေကောင်းမွန်ခြင်း၊ သင်ကြားရေးဝန်ထမ်းများ လုံလောက်ခြင်းတို့သည် ပညာရေးအရည်အသွေးတိုးတက်မြင့်မားရေးအတွက် အရေးပါသော အခြေခံလိုအပ်ချက်များဖြစ်သည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် သင်ယူလေ့လာနိုင်ရေးအတွက် အခြေခံအဆောက်အအုံများ ပြည့်စုံရန်လည်း လိုအပ်သဖြင့် နိုင်ငံတော်က အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်း၊ အသစ်တိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တက္ကသိုလ်များ၏ အဆောက်အအုံနှင့် ပညာရပ်ဝန်းများကို ကောင်းမွန်အောင် ဖန်တီးပေးခြင်းသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူရာတွင် စိတ်ချမ်းမြေ့မှုရှိစေပြီး ပညာရပ်များကို ပိုမိုထိရောက်စွာ လေ့လာနိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ပြည့်စုံသည့်လူသားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ထိုသို့ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ပြည့်စုံသည့်လူသားအရင်းအမြစ်များသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုများဖြစ်လာမည်ဖြစ်ရာ ယနေ့ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။

နိုင်ငံတော်က ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံမှ မြှင့်တင်ပေးလျက်ရှိသည့်အပြင် အနာဂတ်လူသားအရင်းအမြစ်များ၏ အရည်အသွေးမြင့်မားရေး၊ သင်ယူခွင့်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့်ဗဟုသုတပြည့်ဝရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များကလည်း မိမိတို့၏ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သည့် အရည်အသွေးမြင့်လူငယ်များဖြစ်လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို ဝိုင်းဝန်းပုံဖော်တည်ဆောက်ကြရမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၈၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၈၃ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် နောင်လှိုင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နောင်လှိုင်ကျေးရွာအုပ်စု နောင်လှိုင်ကျေးရွာ၌ တတိယအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်မျိုးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိဒေါ်ကေသွယ်မျိုးက RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်လှိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့မှုကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအား ကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ကွမ်းသီးအနုတွေ အရောင်းအဝယ်ကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်" ဟု ငပုတောမြို့နယ် ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ရမည်းသင်းမြို့နယ် ဘုမ္မကျေးရွာ၌ ကျေးရွာတွင်းလမ်းရိုစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရမည်းသင်း စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဘုမ္မကျေးရွာ၌ ကျေးရွာတွင်းလမ်းရိုစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ဘုမ္မကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိုစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘုမ္မကျေးရွာ၌ အရှည် ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ရိုစာခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၆၃ သန်း အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၇၆ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မြန်မာ-တရုတ်ကုန်သည်ကြီးများ အထက်မြန်မာပြည်အသင်းက ယွမ် ၈၀၀၀၀ ဖိုးရှိ Helter ECG စက်နှစ်လုံးနှင့် Blood Pressure Monitor နှစ်လုံးတို့ကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ၁၀၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဒီပဲယင်း စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ၁၀၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၉၁၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၀၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၁၉၁၀၀ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင် စက်တင်ဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ခပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကော့ခပိုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းထံမှ သိရသည်။

**သုတ**

# ပုသိမ်မြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ငါးပိ၊ ငါးခြောက်ဈေးကွက်၌ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ရေထွက်ကုန် ငါးမြွေထိုးခြောက်များ ဝယ်ယူမှုကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် အခြားဒေသများကလည်း ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"အခုလ တတိယပတ်လောက်ကတည်းက ငါးမြွေထိုးခြောက်တွေ အရောင်းအဝယ်သွက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူမှုများနေပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်းကာ စားသုံးရန် အဆင့်ထိပြုလုပ်ပြီး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၂၇၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ခေါင်းလောင်းစာ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းတွင် အကိုးအကား အထောက်အထားပြုရသည့် မှတ်တမ်းကမ္ပည်းများအနက် ကျောက်စာနှင့် ပေးစာများက အများဆုံးဖြစ်သကဲ့သို့ ခေါင်းလောင်းစာများလည်း အများအပြားရှိခဲ့သည်။ မြန်မာနိုင်ငံရှိ ကျောက်စာများနှင့် ခေါင်းလောင်းစာများအနက် ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ်သတ်မှတ်ခဲ့သည့် ကျောက်စာတစ်ချပ်နှင့် ခေါင်းလောင်းစာတစ်ခု ပေါ်ထွက်ခဲ့သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရသည့် ကျောက်စာသည် ခရစ်နှစ် ၁၁၁၃ ခုနှစ်တွင် ရာဇကုမာရ်မင်းသားရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာခေါ် မြစေတီကျောက်စာဖြစ်၍ ပုဂံ ရှေးဟောင်းသုတေသန ပြတိုက်နှင့် ပုဂံ မြစေတီရင်ပြင်၌ တည်ရှိသည်။ ထိုကျောက်စာကို ယူနက်စကိုအဖွဲ့က ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ်**

ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိနေသည့် အမွေအနှစ်များကို ဖော်ထုတ်ကာ ကမ္ဘာ့အမွေအနှစ် (World Heritage) နှင့် မှတ်တမ်းအမွေအနှစ်(Memory of the world) အဖြစ် သတ်မှတ်ပေးလျက်ရှိသည်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ပြီး ဘီစီ ၁၇၀၀ မှ စ၍ ယနေ့တိုင် ကြွင်းကျန်နေသည့် ဒြပ်ရှိရုပ်ဝတ္ထုများ (Tangible object) နှင့် ဒြပ်မဲ့ယဉ်ကျေးမှုများ (In-tangible culture) များကို စိစစ်၍ မှတ်တမ်းအမွေအနှစ်အဖြစ် ၁၉၉၇ ခုနှစ်မှစ၍ ထုတ်ပြန်ပေးခဲ့သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံတိုင်းတွင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများပြုလုပ်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များက အမွေအနှစ်များကို ဆက်လက်သယ်ဆောင်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံအသီးသီးက တင်သွင်းလာသည့် အဆိုပြု အမွေအနှစ်များကို နိုင်ငံ ၁၀၄ နိုင်ငံနှင့် အဖွဲ့အစည်း ငါးခုတို့က ပူးပေါင်း စိစစ်ပြီး နှစ်နှစ်တစ်ကြိမ် ထုတ်ပြန်ပေးသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တွင် ကျောက်စာများ၊ လက်ရေးစာမူများ၊ တန်ဖိုးမဖြတ်နိုင်သည့် စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့်ဗီဒီယိုအခွေများ၊ စီဒီများ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများပါဝင်သည်။ မြန်မာနိုင်ငံ၏ အမွေအနှစ်လေးခုသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရားဟု ထင်ရှားသည့် မဟာလောကမာရဇိန်စေတီဝင်းအတွင်း၌ စိုက်ထူထားသည့် ပိဋကသုံးပုံကျောက်စာ ၇၂၉ ချပ်ကို မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် ယူနက်စကိုအဖွဲ့က ၂၀၁၃ ခုနှစ် ဇွန်လတွင် အသိအမှတ်ပြုခဲ့သည်။ မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်သည် ဂျာမနီနိုင်ငံတွင်ရှိသည့် အလောင်းမင်းတရား ရွှေပေလွှာဟု ထင်ရှားသော သမိုင်းဝင်မှတ်တမ်းစာဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တစ်ခု ဖြစ်လာခဲ့သည်။ ပုဂံရှိ ရာဇကုမာရ်ကျောက်စာသည် မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် ၂၀၁၅ ခုနှစ်၌ပင် အသိအမှတ်ပြုခြင်းခံခဲ့ရကာ စတုတ္ထမြောက် မှတ်တမ်းအမွေအနှစ်သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် အသိအမှတ်ပြုခဲ့သည့် ဘုရင့်နောင်မင်းတရား ခေါင်းလောင်းစာဖြစ်သည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ခေါင်းလောင်းစာ**

ထိုကမ္ဘာ့မှတ်တမ်းအမွေအနှစ် ခေါင်းလောင်းစာသည် ခရစ်နှစ် ၁၅၅၇ ခုနှစ်တွင် ဘုရင့်နောင်မင်းတရား( ၁၅၅၁- ၁၅၈၁) ရေးထိုးခဲ့သည့် ကမ္ပည်းမှတ်တမ်းစာဖြစ်၍ ညောင်ဦးမြို့ ရွှေစည်းခုံစေတီ အရှေ့ဘက်စောင်းတန်းထိပ်တွင် ချိတ်ဆွဲထိန်းသိမ်းထားသည့် ခေါင်းလောင်းတွင် ရေးထိုးထားသည့် စာသားများဖြစ်သည်။ ထိုမှတ်တမ်းစာကို ယူနက်စကိုအဖွဲ့က ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ် ပြုခဲ့သည်။ (ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် ဘုရင့်နောင်မင်းတရားခေါင်းလောင်းကို အသိအမှတ်ပြုခြင်းမဟုတ်ဘဲ ခေါင်းလောင်းစာများကိုသာ အသိအမှတ်ပြုခြင်းဖြစ်သည်။)



ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ခေါင်းလောင်းစာရေးထိုးထားသည့်
ဘုရင့်နောင်မင်းတရားခေါင်းလောင်းကို တွေ့ရစဉ်။

ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားသည် ခေါင်းလောင်းကြီးတစ်လုံးကိုသွန်းလုပ်ပြီး ပုဂံဒေသ ရွှေစည်းခုံစေတီသို့လှူဒါန်းခဲ့သည်။ ဘုရင့်နောင်မင်းတရားသည် မိမိလှူဒါန်းသည့် ခေါင်းလောင်းတွင် မှတ်တမ်းကမ္ပည်းစာများကို ပါဠိ၊ မွန်၊ မြန်မာဘာသာ သုံးဘာသာဖြင့်ရေးထိုးခဲ့သည်။ ခေါင်းလောင်းစာတွင် ခေတ်ပြိုင်ဖြစ်စဉ်ဖြစ်ရပ်များကို ရက်စွဲများဖြင့်ရေးထိုးခဲ့ရာ ခိုင်လုံသောမှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များ တိကျမှန်ကန်ခြင်း၊ ဘုရင့်နောင်မင်းတရားနှင့် မိဖုရားအမည်တို့ကိုအတိအကျရေးထိုးထားခြင်း၊ မြန်မာရာဇဝင်ကျမ်းများ၌ပါရှိသည့်အချက်များကို ပြည့်စုံတိကျစေရန်ဖြည့်စွက်နိုင်ခြင်း စသည်တို့ကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

ဘုရင့်နောင်မင်းတရား ခေါင်းလောင်းသည် အမြင့် သုံးပေ ရှစ်လက်မ၊ လုံးပတ် သုံးပေ ခြောက်လက်မ၊ အောက်ခြေလုံးပတ် ၁၀ ပေ သုံးလက်မ၊ အထူ ခြောက်လက်မ၊ အချင်း တစ်ပေ ခုနစ်လက်မ၊ ပေါင်းကိုင်းအမြင့် တစ်ပေ ခုနစ်လက်မ၊ ပေါင်းကိုင်းလုံးပတ် တစ်ပေ လေးလက်မ၊ လည်ပင်းလုံးပတ် လေးပေ တစ်လက်မရှိပြီး အလေးချိန် ပိဿာချိန် ၂၁၀၀ ရှိသည်ဟုဆိုသည်။

ခေါင်းလောင်း၏ တစ်ဖက်တစ်ချက်တွင် မြန်မာဘာသာနှင့် မွန်ဘာသာကမ္ပည်းစာများ ရေးထိုးထားပြီး လည်ပင်းအထက်၊ ပေါင်းကိုင်းအောက်ဖောင်းရစ်မျက်နှာပြင်တွင် ပါဠိကမ္ပည်းစာ ငါးကြောင်းကို ရေးထိုးထားသည်။ ဘုရင့်နောင်မင်းတရားသည် နန်းတက်ပြီး ခြောက်နှစ်အကြာ ၁၅၅၇ ခုနှစ်တွင် ခေါင်းလောင်းကိုတင်လှူခဲ့ပြီး ခေါင်းလောင်းစာတွင် မင်းတရားကြီးလက်ထက် စစ်ရေးနိုင်ငံရေး ဆောင်ရွက်ချက်များ၊ နိုင်ငံတော်အရပ်ရပ်ကို အောင်နိုင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ထုံးတမ်းများ၊ ဘာသာတရားကိုချီးမြှောက်သည့် ကုသိုလ်ကောင်းမှုများကို ဖော်ပြထားသဖြင့် ခေါင်းလောင်းကို နိုင်ငံတော်က အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်မှုပြုခဲ့သည်။

**ခေါင်းလောင်းစာပါ အကြောင်းအရာများ**

ဘုရင့်နောင်မင်းခေါင်းလောင်းစာတွင် သက္ကရာဇ် ၉၁၉ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့၌ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဘွဲ့ခံ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားသည် ကြေးခွက် ၂၁၀၀ ဖြင့် ခေါင်းလောင်းတော်ကြီးတစ်လုံးကို သွန်းလုပ်ကာ ပုဂံဘုရင် အနော်ရထာနှင့်ကျန်စစ်သားမင်းတို့၏ ကောင်းမှုတော်ဖြစ်သည့် ပုဂံရွှေစည်းခုံစေတီရင်ပြင်တွင် ချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း ရေးထိုးထားသည်။

ဘုရင့်နောင်မင်းတရား ခေါင်းလောင်းတွင် ရေးထိုးထားသည့် မွန်စာ ၃၅ ကြောင်းကို ဦးချစ်သိန်းက မြန်မာပြန်ဆို၍ ၁၉၆၅ ခုနှစ် တွင် ထုတ်ဝေသည့် မွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင်ဖော်ပြခဲ့သည်။ ထိုစာအုပ်တွင် ခေါင်းလောင်းကြီးတွင် ရေးထိုးထားသည့် ကမ္ပည်းစာအပြည့်အစုံကို ဖတ်ရှုနိုင်သည်။

ခေါင်းလောင်းစာအရ ဘုရင့်နောင်မင်းတရားသည် သက္ကရာဇ် ၉၁၂ ခုနှစ် တပို့တွဲလဆန်း ၅ ရက် (၁၅၅၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကေတုမတီကို အောင်ခဲ့ကာ သက္ကရာဇ် ၉၁၃ ခုနှစ် တော်သလင်းလကွယ်နေ့ (၁၅၅၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်) စနေနေ့တွင် သရေခေတ္တရာကို အောင်နိုင်ခဲ့သည်။ သက္ကရာဇ် ၉၁၃ ခုနှစ် တန်ခူးလဆုတ် ၃ ရက် (၁၅၅၂ ခုနှစ် မတ်လ ၁၂ ရက်) စနေနေ့တွင် ဟံသာဝတီသို့ ရေကြောင်း၊ ကြည်းကြောင်းချီခဲ့ပြီး ဟံသာဝတီကို အောင်မြင်ကာ သက္ကရာဇ် ၉၁၅ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (၁၅၅၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်) သောကြာနေ့တွင် တင့်တယ်သောပွဲသဘင်မင်္ဂလာဖြင့် ဘိသိက်မင်္ဂလာခံခဲ့သည်။ သက္ကရာဇ် ၉၁၆ ခုနှစ် တပေါင်းလဆန်း ၂ ရက် (၁၅၅၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်) အင်္ဂါနေ့တွင် အဝကိုအောင်နိုင်ခဲ့ပြီး သက္ကရာဇ် ၉၁၈ ခုနှစ် နတော်လဆန်း ၈ ရက် (၁၅၅၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်) တနင်္လာနေ့တွင် ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးသည် အမတ်စစ်သူကြီးအပေါင်းနှင့်အတူ အဝသို့ ရေကြောင်းမှချီခဲ့ရာ ပြာသိုလဆုတ် ၉ ရက် (၁၅၅၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်) ကြာသပတေးနေ့တွင် အဝရွှေနန်းသို့ ရောက်ရှိခဲ့သည်။

သက္ကရာဇ် ၉၁၈ ခုနှစ် တပို့တွဲလဆုတ် ၁၁ ရက် (၁၅၅၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်) တနင်္လာနေ့တွင် မိုးမိတ်၊ သီပေါ၊ပတ္တမြားတွင်းကို အောင်တော်မူသည်။ နောက် ရက်သတ္တပတ် နှစ်ပတ်အကြာ တပေါင်းလဆန်း ၁၁ ရက် (ဖေဖော်ဝါရီလ ၈ ရက်) တနင်္လာနေ့တွင် မိုးမိတ်၏ အနောက်မြောက်ထောင့်၌ ရတနာစေတီတော်ကို အုတ်မြစ်ချ တည်တော်မူပြီး တပေါင်းလဆန်း ၁၃ ရက် (ဖေဖော်ဝါရီလ ၁၀ ရက်) တွင် စေတီတော်၌ သရီရဓာတ်တော်များကို ဌာပနာပြုခဲ့သည်။ တပေါင်းလဆုတ် ၅ ရက် (ဖေဖော်ဝါရီ ၁၇ ရက်) ဗုဒ္ဓဟူးနေ့တွင် မိုးမိတ်မှချီတော်မူပြီး သုံးရက်အကြာ တပေါင်းလဆုတ် ၈ ရက် (ဖေဖော်ဝါရီလ ၂၀ ရက်) စနေနေ့တွင် ဓိကျည်း(ထီးချိုင့်)သို့ရောက်ရှိခဲ့သည်။ နောက်ရှစ်ရက်အကြာ တန်ခူးလဆန်း ၁ ရက်(၁၅၅၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်) တွင် ဓိကျည်းမြစ်ကို တံတားထိုး၍ ဆက်လက်ချီလာခဲ့ရာ တန်ခူးလဆန်း ၇ ရက်(၁၅၅၇ ခုနှစ် မတ် ၆ ရက်) စနေနေ့တွင် မိုးညှင်းကို အောင်ခဲ့သည်။ တန်ခူးလဆုတ် ၁၁ ရက် (မတ်လ ၂၅ ရက်)ကြာသပတေးနေ့တွင် မိုးကောင်းကို အလိုပြည့်ခဲ့သည်။

သက္ကရာဇ် ၉၁၉ ခုနှစ်ကဆုန်လဆန်း ၅ ရက် (၁၅၅၇ ခုနှစ် ဧပြီ ၂ ရက်) သောကြာနေ့တွင် မိုးကောင်းစော်ဘွားကို စော်ဘွားအရာ၌ ထားတော်မူပြီး ရှမ်းပြည်တွင် ကျင့်သုံးသည့် သူကောင်းတစ်ယောက်သေလျှင် ကျွန်ယောက်ျား၊ ကျွန်မိန်းမများကိုသတ်၍ ထည့်သောအကျင့်ကို တားမြစ်ခဲ့သည်။ ဘုရင့်နောင်မင်းတရားသည် မိုးကောင်းမြို့မှ ကဆုန်လဆန်း ၁၂ ရက် (ဧပြီ ၉ ရက်) သောကြာနေ့တွင် ပြန်လာတော်မူခဲ့ပြီး သက္ကရာဇ် ၉၁၉ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်( ၁၅၅၇ ခုနှစ် မေ ၂၃ ရက်) တနင်္ဂနွေနေ့၌ ပုဂံရွှေစည်းခုံစေတီတော်သို့ ကြေးခွက် ၂၁၀၀ သွန်းသော ခေါင်းလောင်းတော်ကြီးကို လှူဒါန်းခဲ့သည်။

ဘုရင့်နောင်မင်းတရား၏ ခေါင်းလောင်းစာ အထောက်အထားများအရ ဘုရင့်နောင်မင်းတရားသည် တပင်ရွှေထီးနတ်ရွာစံသည့် ၁၅၅၀ ပြည့်နှစ် မေလ ၁ ရက်နောက်ပိုင်း၌ ၁၅၅၁ ခုနှစ်တွင် တောင်ငူ (ကေတုမတီ)နှင့်ပြည် (သရေ ခေတ္တရာ)၊ ၁၅၅၂ ခုနှစ်တွင် ပဲခူး(ဟံသာဝတီ)၊ ၁၅၅၅ ခုနှစ်တွင် အင်းဝ (အဝ)၊ ၁၅၅၇ ခုနှစ်တွင် မိုးမိတ်၊ သီပေါ၊ မိုးညှင်း၊ မိုးကောင်းတို့ကိုသိမ်းယူကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည်။

ခေါင်းလောင်းပေါ်တွင် မွန်ဘာသာဖြင့်ရေးထိုးထားသည့် ပထမစာကြောင်းတွင် ဘုရင့်နောင်မင်းတရား၏ဘွဲ့အမည်ကို သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဟု ရေးထိုးထားသည်။ ထို့အတူ စာကြောင်း (၈)တွင် မင်းတရားကြီး၏ မိဖုရားခေါင်ကြီး သီရိအဂ္ဂမဟာ ဓမ္မရာဇဒေဝီဘွဲ့မည်ကို မြင်တွေ့နိုင်ပေသည်။ မင်းမိဖုရားနှစ်ပါးသည် ၁၅၅၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက် သောကြာနေ့တွင် ဘိသိက်မင်္ဂလာခံယူတော်မူ၍ ကမ္ဘောဇသာဒီနန်း၌ စံမြန်းကြောင်း ခေါင်းလောင်းတွင်မှတ်တမ်းတင်ခဲ့သည်။

ဘုရင့်နောင်မင်းတရားသည် မိမိရောက်ရှိခဲ့သည့် အရပ်ဒေသတိုင်းတွင် ကုသိုလ်ဟောင်းများကို ပြုပြင်၍ ကုသိုလ်သစ်များစွာကို ပြုလုပ်ကာ ဘုရားပစ္စည်း၊ တရားပစ္စည်း၊ သံဃာပစ္စည်းများကို မစားသုံးရန် တားဖြစ်ခဲ့သည်။ မင်းတရားကြီး၏ ကုသိုလ်တော်များကြောင့် မြန်မာနိုင်ငံ

**စာမျက်နှာ ၅ သို့**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကျားပျံဆန်အိတ်ရေ ၄၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့ကနေ ဆန်၊ စပါးတွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားကောင်းခဲ့တာ ဖြစ်ပါတယ်။ ကျားပျံဆန်က ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစား ဖြစ်ပါတယ်။ ကျားပျံဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ဩဂုတ်လအတွင်းမှာတော့ လတ်တလောအနေနဲ့ပါ ကျားပျံဆန်အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၆၀၀၀ ထိ ဈေးပေါက်နေကြောင်း ပန်းတနော်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဇရာအိုဧ၏မှတ်တမ်း

\- သားလှချစ်ဆုံး ငယ်ငယ်တုန်းက
ယုယပိုက်ထွေး အေးမြမေတ္တာ
ချိုကြည်စွာဖြင့် ချိန်ခါမရွေး
လူလေးပျော်ဖို့ ငါတို့ကြိုးပမ်း
တာဝန်ထမ်းခဲ့။

\- ကြီးပြင်းလာသော် ပညာတော်အောင်
ထုတ်ဖော်သင်ကြား ဆရာများထံ
အပ်နှံထားပြီး ဘွဲ့ကြီးတွေရ
လူလုံးလှအောင် တို့ကြံဆောင်ခဲ့။

\- ယခုအခါ သင်ဟာဖြစ်မြောက်
လူလားရောက်ခဲ့ ထိုမှဲ့ချိန်ခါ
တို့မှာအိုမင်း ဇရာချဉ်း၍
အခင်းမလှ ဖြစ်နေရပြီ။

\- ချည့်နဲ့လက်တုန် ထမင်းပုံတို့
ဖိတ်ကုန်လွင့်ကျ ရှိခဲ့ရလည်း
စိတ်ကမငြို မဆူပါနဲ့။

\- လျော့လျော့လျားလျား အားကမနိုင်
ခွေယိုင်လျှောက်လှမ်း သွားရာလမ်းလည်း
မျှော်မှန်းကူဖေး သင်ပြပေးပါ။

\- သြော်...
ငါတော့အိုမင်း သက်ရှည်ခြင်းခါ
ကင်းကွာဆင်းရဲ ကုသိုလ်မြဲပြီး
စိတ်ထဲမသွေ ချမ်းမြေ့စေဖို့
တွေ့ဝေမပြု ယုယကြလော့။ ။

**ဘိုမျိုး(ရွှေဘို)**

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ကို ကြိုဆိုလျက်။

## ချောင်းဆုံမြို့နယ် ကုလားဘီကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**ချောင်းဆုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ကုလားဘီကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကုလားဘီကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ကုလားဘီကျေးရွာ၌ မြောင်းအရှည်ပေ ၇၉၃၀၊ အကျယ် နှစ်ပေကိုးလက်မ၊ အနက် နှစ်ပေရှိ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၉ ဒသမ ၁၉ သန်း ဖြင့် ချောင်းဆုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

**အေးမြတ်**

á **စာမျက်နှာ ၄ မှအဆက်**

တစ်ဝန်း၌ ရွှေစေတီ၊ ရွှေဘုရား၊ ရွှေဇရပ်၊ ရွှေကျောင်းများ ဖြင့်ထွန်းပြောင်လျက် များစွာသောနေရာဒေသများတွင် နှစ်ပါးသော သံဃာဓူရ (ဂန္ထဓူရနှင့် ဝိပဿနာဓူရ)နှင့် ပြည့်စုံသော ဘုရားရှင်၏ သာသနာတော် ရောင်ဝါထွန်းပတင့်တယ်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ဘုရင့်နောင်မင်းတရားသည် ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်လှူဒါန်းသည့် ကုသိုလ်ကြောင့် ဘုရားဆုကိုပန်ခဲ့ကာ နောင်အနာဂတ်တွင်ပေါ်ထွက်လာမည့် မင်းဧကရာဇ်များသည်လည်း သာသနာကို ချီးပင့်ကြပါစေကြောင်းနှင့် ပျက်စီးခဲ့သည့် ကုသိုလ်တော်များကို ပြုပြင်နိုင်ကြပါစေကြောင်း ကမ္ပည်းတင်ပန်ကြားခဲ့သည်။

ဘုရင့်နောင်မင်းကြီးသည် မြန်မာတိုင်းခွင်၌ သာသနာထွန်းလင်းစေရန် ဆောင်ရွက်တော်မူပြီးနောက် သီဟိုဠ်ကျွန်းတွင် သာသနာတော် ပွင့်လင်းစေရန်အကြံဖြစ်ခဲ့သည်။ ထို့ကြောင့် သံဃာတော်များကို ပိဋကတ်တစ်စုံနှင့်အတူ များစွာသောပူဇော်သက္ကာယ ပစ္စည်းများနှင့်တကွ ကုသိုလ်ဟောင်းများပြင်ဆင်ရန် မျက်ပါး၊ သားမွေး၊ ပန်းရန်၊ ပန်းချီ ပညာသည်များကိုခေါ်ဆောင်စေကာ သီဟိုဠ်ကျွန်းသို့စေလွှတ်ခဲ့သည်။

ဟံသာဝတီမှ အဝသို့ ချီခဲ့ရာတွင် ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့သည် ရတနာဖြင့်ပြီးသော ရွှေလှေတော်ကို စီးခဲ့ကြသည်။ ခေါင်းလောင်းတော်ကြီး၏ စာကြောင်း (၁၉) မှ (၂၁)အတွင်း "ဦးပြသာဒ် ပွဲပြသာဒ် ဖြင့်ဆင်တော်မူထသော အရောင်အဝါဖြင့် ပြည့်စုံသော ရေဖောင်တော် အလျား ၃၃ လံ နှစ်တောင် ဦးပွဲပြသာဒ် အလယ်ပြသာဒ်ကြီးတင်လျက် အရောင်အဝါတင့်တယ်စွာ ထွန်းပသော အတုမရှိသော စုဋ္ဌာမဏိရွှေလှေ။ အလျား ၂၇ လံ နှစ်တောင် တင့်တယ်သော ဦပွဲပြသာဒ်၊ ပြသာဒ်ကြီး အလယ်တင့်လျက် ရတနာ၏အရောင်အဝါကျက်သရေဖြင့် တင့်တယ်သော ရွှေလောင်း ပဋ္ဌိဗိမာန်လှေ၊ ရွှေစဏတပင်၊ ရွှေရဲလှေ၊ရွှေလှော်ကား၊ ရွှေသံလှေ၊ မင်း၏ဗိမာန် အလယ်အထက်ဝယ်၊ အမတ်စစ်သူကြီး အများအပေါင်းနှင့်တကွ ချီတော်မူလတ်သတည်း" ဟု ရေးထိုးခဲ့သည်။

သမိုင်းကြောင်းရှည်လျားခိုင်မာသည့် မြန်မာနိုင်ငံတွင် ရှိနေသည့် သမိုင်းဝင် မှတ်တမ်းစာများကို ဖော်ထုတ်လျက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ မြန်မာ့မှတ်တမ်း အမွေအနှစ်များသည် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်များစာရင်းတွင် ဆက်လက်တိုးပွားလာမည်ဖြစ်ပေသည်။

**ကိုးကား**

- **မွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**
- **နှစ်ဆယ့်တစ်ရာစု မြန်မာ့အလားအလာ (ဒေါက်တာသန်းထွန်း)**
- **လက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ (ဦးစိန်မောင်ဦး)**

# အမေရိကန်နှင့် အီရန်တာဝန်ရှိသူများ ကြားခံစေ့စပ် ညှိနှိုင်းရေးမှူးများနှင့် သီးခြားစီတွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၂၉**

ခုနစ်လကြာ အီရန်စစ်ရေး ပဋိပက္ခ အဆုံးသတ်ရေးအတွက် အမေရိကန်နှင့် အီရန်တာဝန်ရှိသူများသည် စက်တင်ဘာ ၂၈ ရက်တွင် ကြားခံစေ့စပ်ညှိနှိုင်းရေးမှူးများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံ ကာလ၌ အီရန်နိုင်ငံက ငြိမ်းချမ်းရေး အဆိုပြုချက်တစ်ရပ် တင်ပြထားသော်လည်း ထိုအဆိုပြုချက်ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ငြင်းပယ်ထားသည်။

သို့ရာတွင် အဆိုပါငြိမ်းချမ်းရေး အဆိုပြုချက်နှင့် ပတ်သက်၍ အမေရိကန်အစိုးရ၏ တုံ့ပြန်ချက်ကို ဆက်လက်စောင့်ဆိုင်းနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီက ပြောကြားထားသည်။

အီရန်နိုင်ငံက တင်ပြထားသည့် ငြိမ်းချမ်းရေး အဆိုပြုချက်တွင် အီရန်နှင့် လက်ဘနွန်တို့ကို တိုက်ခိုက်မှုများရပ်ဆိုင်းရန်၊ သိမ်းယူခံထားရသည့် အီရန်၏ပိုင်ဆိုင်မှုများကို ပြန်ထုတ်ပေးရန်၊ အီရန်ရေနံလုပ်ငန်းအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။

အပြန်အလှန်အနေဖြင့် ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်ပေးရန်နှင့် နျူကလီးယား ဆွေးနွေးပွဲများပြန်စရန် အီရန်နိုင်ငံက သဘောတူထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# လက်နက်ကိုင်တပ်များ အင်အားတိုးမြှင့်ရေးအမိန့်ဒီကရီ ရုရှားသမ္မတပူတင် လက်မှတ်ရေးထိုး



**မော်စကို စက်တင်ဘာ ၂၉**

လက်နက်ကိုင် တပ်များ အင်အားတိုးမြှင့်ရေး အမိန့်ဒီကရီတစ်ရပ်ကို သမ္မတပူတင်က စက်တင်ဘာ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတပူတင်၏ အဆိုပါအမိန့်ဒီကရီအရရုရှား၏လက်ရှိလက်နက်ကိုင်တပ်ဖွဲ့ဝင်အင်အားတွင် တပ်ဖွဲ့ဝင်ဦးရေ ၁၅၅၀၀ ထပ်တိုးလာမည်ဖြစ်ကြောင်း သိရသည်။

သမ္မတပူတင်၏ အဆိုပါအမိန့်ဒီကရီအရ ရုရှားလက်နက်ကိုင်တပ်များ၏အင်အားမှာ အမြဲတမ်းတပ်ဖွဲ့ဝင် ၁ ဒသမ ၅၅ သန်းအပါအဝင် တပ်ဖွဲ့ဝင်အင်အား ၂ ဒသမ ၄၄ သန်းထိ ရှိလာမည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက် လက်နက်ကိုင်တပ်များ အင်အားမြှင့်တင်မှုဆိုင်ရာ အမိန့်ဒီကရီကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ရုရှားလက်နက်ကိုင် တပ်များ အင်အားတိုးမြှင့်ရခြင်း၏အကြောင်းရင်းကိုသမ္မတပူတင်ကစက်တင်ဘာ ၂၈ ရက် အထူးအမိန့်ဒီကရီ၌ ဖော်ပြထားခြင်း မရှိကြောင်းသိရသည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ် မတ်လ၊ ဇွန်လ၊ ဇူလိုင်လတို့တွင်လည်းလက်နက်ကိုင်တပ်များ အင်အားတိုးမြှင့်မှုဆိုင်ရာ အမိန့်ဒီကရီများကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

Ref : RT
Trs : KKO

# စစ်မဲ့ဇုန်နယ်စပ်၌ပေါက်ကွဲခဲ့သည့် မြေမြှုပ်မိုင်းများကို မြောက်ကိုရီးယား ချထားခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားပြောကြား

**ဆိုးလ် စက်တင်ဘာ ၂၉**

လွန်ခဲ့သည့် ရက်သတ္တပတ်က တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံနယ်စပ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရခဲ့ရာ ထိုမြေမြှုပ်မိုင်းကို မြောက်ကိုရီးယားတပ်များက ချထားခဲ့ခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားတပ်မတော်က စက်တင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

စက်တင်ဘာ ၂၁ ရက်က တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ စစ်မဲ့ဇုန်နယ်စပ်ဒေသအနီး မြေမြှုပ်မိုင်းပေါက်ကွဲမှု နှစ်ခုဖြစ်ပွားခဲ့ရာ တောင်ကိုရီးယားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ပဏာမ စုံစမ်းစစ်ဆေးမှုရလဒ်များအရ အဆိုပါ မြေမြှုပ်မိုင်းများကို မြောက်ကိုရီးယားတပ်များက ချထားခဲ့ခြင်း ဖြစ်နိုင်ကြောင်း တောင်ကိုရီးယား တပ်မတော်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာ၌ အမေရိကန်တပ်မတော် ဦးဆောင်သည့် ကုလသမဂ္ဂစစ်ဌာနချုပ်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယား တပ်မတော်၏ အဆိုပါ သတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

စက်တင်ဘာ ၂၁ ရက် မြေမြှုပ်မိုင်း ပေါက်ကွဲမှုများကြောင့် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတင်းမာလာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ပြီးခဲ့သည့် နှစ်များအတွင်း မြောက်ကိုရီးယားအစိုးရက နျူကလီးယား လက်နက်တည်ဆောက်ရေးလုပ်ငန်းကို အရှိန်မြှင့်တင်လာမှုကြောင့် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေး ယိုယွင်းပျက်စီး လာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ တန်ဖိုးရှိ နှစ်ဖက်ပို့ကုန်များကို အခွန်စည်းကြပ်မှုလျှော့ချရန် တရုတ်နှင့် အမေရိကန်စီစဉ်



**နယူးယောက် စက်တင်ဘာ ၂၉**

တစ်ဖက်နှင့်တစ်ဖက် တင်ပို့နေကြသည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ တန်ဖိုးရှိ ပို့ကုန်များအပေါ် အခွန်စည်းကြပ်ထားမှုများ လျှော့ချမည်ဖြစ်ကြောင်း တရုတ်နှင့် အမေရိကန်တာဝန်ရှိသူများက စက်တင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါပို့ကုန်များအနက် အမေရိကန်ပို့ကုန်များထဲတွင် ပြောင်းဆန်မှ အလှကုန်ပစ္စည်းများထိ အကျုံးဝင်ပြီး တရုတ်ပို့ကုန်များထဲတွင် ကစားစရာအရုပ်များမှ လူသုံးကုန်ပစ္စည်းများထိ အကျုံးဝင်ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ စက်တင်ဘာ ၂၅ ရက်က ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဒေါ်လာဘီလီယံ ၆၀ တန်ဖိုးရှိ နှစ်ဖက်ပို့ကုန်များ အခွန်စည်းကြပ်မှုလျှော့ချရေး အစီအစဉ်ကို တရုတ်နှင့်အမေရိကန် အစိုးရတို့က ကြေညာထားခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါပို့ကုန်များအပေါ် ချမှတ်ထားသည့် အခွန်စည်းကြပ်မှုနှုန်းများကို မည်မျှအတိုင်းအတာထိ လျှော့ချမည်၊ မည်သည့်အချိန်တွင် စတင်လျှော့ချမည်တို့ကိုတရုတ်နှင့် အမေရိကန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# လက်ဘနွန်တောင်ပိုင်း ကျေးရွာတစ်ရွာ၌ အကြီးစားဖောက်ခွဲမှု အစ္စရေးတပ်မတော် ပြုလုပ်

**ဘေရွတ် စက်တင်ဘာ ၂၉**

လက်ဘနွန်နိုင်ငံ တောင်ပိုင်း မင်ဆိုရီကျေးရွာ၌ အစ္စရေးတပ်မတော်က စက်တင်ဘာ ၂၈ ရက်တွင် အကြီးစားဖောက်ခွဲမှုတစ်ခုပြုလုပ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အစ္စရေးတပ်မတော်က ထုတ်ပြန်ထားသည့် ကြေညာချက်တွင် မင်ဆိုရီကျေးရွာ၌ စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ပြီး အကြမ်းဖက်သမားများ အသုံးပြုနေသည့် နေရာ ၁၀၀ ကျော်နှင့် မြေအောက်ဥမင်လမ်းရှစ်ခုတို့ကို ဖျက်ဆီးခဲ့ကြောင်း ဖော်ပြထားသည်။

အစ္စရေး တပ်မတော်သည် လက်ဘနွန်တောင်ပိုင်းရှိ ကျေးရွာများ၊ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာနေရာဌာနများ၊ ရေနှင့် လျှပ်စစ်ဓာတ်အားအခြေခံ အဆောက်အအုံများကို စနစ်တကျ ဖျက်ဆီးနေကြောင်း လက်ဘနွန်အစိုးရက ပြောကြားထားသည်။

မင်ဆိုရီကျေးရွာသည် အစ္စရေးနယ်စပ်မြောက်ဘက် ၁၀ ကီလိုမီတာအကွာ၌ တည်ရှိပြီး အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများနှင့် မကြာခဏ ရင်ဆိုင်နေရသည့် ကျေးရွာဖြစ်သည်။

အစ္စရေးတပ်များသည် ပြီးခဲ့သည့်လကပင် မင်ဆိုရီကျေးရွာကိုထိန်းချုပ်၍ အဆောက်အအုံများကို ဖောက်ခွဲဖြိုချမှုများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# လင့်ခ်အာကာသယာဉ်က ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်ပတ်လမ်းအမြင့် မြှင့်တင်ရေးမစ်ရှင်ပျက်ပြားခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်းပြန်လည်ဝင်ရောက်



ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လင့်ခ်အာကာသယာဉ်သည် ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်ပတ်လမ်းအမြင့် မြှင့်တင်ရေးမစ်ရှင် ပျက်ပြားခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် Katalyst အာကာသနည်းပညာကုမ္ပဏီတို့သည် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ်၏ပတ်လမ်းအမြင့်ကို မြှင့်တင်ရေးအတွက် လင့်ခ်အာကာသယာဉ်ကို ယခုနှစ် ဇူလိုင် ၃ ရက်တွင် လွှတ်တင်ခဲ့သည်။

သို့ရာတွင် လွှတ်တင်ပြီး သီတင်းသုံးပတ်အကြာ၌ လင့်ခ်အာကာသယာဉ်၏ ဒုံးအင်ဂျင်ပြဿနာတစ်ရပ်ကြောင့် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ် ပတ်လမ်းအမြင့် မြှင့်တင်ရေး မစ်ရှင်ပျက်ပြားခဲ့သည်။

မစ်ရှင်ပျက်ပြားခဲ့သော်လည်း လင့်ခ်အာကာသယာဉ်သည် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ် အနီးသို့ ခုနစ်မိုင်ထိ ချဉ်းကပ်နိုင်ခဲ့သည်။

ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်ပတ်လမ်းအမြင့် မြှင့်တင်ရေးမစ်ရှင် ပျက်ပြားခဲ့ပြီးနောက် လင့်ခ်အာကာသယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်ဟု Katalyst ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ် ကိုယ်တိုင်ကမူ ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# Rocket Lab ကုမ္ပဏီက ကမ္ဘာမြေပုံရိပ်ဖော် ရေဒါဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

တိုကျို စက်တင်ဘာ ၂၉

ဂျပန်နိုင်ငံအခြေစိုက် ဆိုင်စပတ်တစ်ကုမ္ပဏီ၏ ကမ္ဘာမြေပုံရိပ်ဖော် ရေဒါဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီက အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် Strix အမည်ရှိ အထက်ပါရေဒါဂြိုဟ်တုကိုသယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် Strix ရေဒါဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု Rocket Lab ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။



အဆိုပါဂြိုဟ်တုသည် ဆိုင်စပတ်တစ်ကုမ္ပဏီအတွက် Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော ၁၃ စင်းမြောက် Strix ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါမစ်ရှင်သည် Rocket Lab ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၈ ခုမြောက် အာကာသမစ်ရှင်ဖြစ်ပြီး အီလက်ထရွန် ဒုံးပျံများအတွက် ယခုနှစ်၏ ၁၅ ခုမြောက်မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၅၉ ပေရှိသည့် အီလက်ထရွန်ဒုံးပျံများသည် အလေးချိန် ၆၆၀ ပေါင် (ကီလိုဂရမ် ၃၀၀)ရှိ ဂြိုဟ်တုများကို ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ဥရောပအာကာသအေဂျင်စီ၏ JUICE အာကာသယာဉ်က ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်း

ပဲရစ် စက်တင်ဘာ ၂၉

ဥရောပအာကာသအေဂျင်စီ၏ JUICE အာကာသယာဉ်သည် စက်တင်ဘာ ၂၈ ရက်က ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ် ခရီးစဉ်အတွင်း ဒြပ်ဆွဲအားအကူအညီရယူရေးအတွက် ကမ္ဘာဂြိုဟ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

JUICE အာကာသယာဉ်အနေဖြင့် ယနေ့တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၅၃၇၀ (ကီလိုမီတာ ၈၆၄၀)အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဥရောပအာကာသ အေဂျင်စီ၏သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

JUICE အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၉ ရက်က ကမ္ဘာဂြိုဟ်ကို ပထမဆုံး အကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် JUICE အာကာသယာဉ်ကို ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများကို လေ့လာရေးအတွက် ၂၀၂၃ ခုနှစ် ဧပြီ ၁၄ ရက်တွင် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

JUICE အာကာသယာဉ်သည် ရှစ်နှစ်ကြာ ပျံသန်းပြီးနောက် ၂၀၃၁ ခုနှစ် ဇူလိုင်လတွင် ကြာသပတေးဂြိုဟ်စနစ်အတွင်း စတင်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# မျိုးဗီဇစစ်ဆေးမှုနည်းလမ်းသစ်တစ်မျိုးက ဦးနှောက်ကင်ဆာရောဂါရှိ၊ မရှိကို နှစ်နာရီအတွင်း ဖော်ထုတ်နိုင်

လန်ဒန် စက်တင်ဘာ ၂၉

မျိုးဗီဇစစ်ဆေးမှု နည်းလမ်းသစ်တစ်မျိုးသည် ဦးနှောက်ကင်ဆာရောဂါရှိ၊ မရှိကို နှစ်နာရီအတွင်း ဖော်ထုတ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အထက်ပါ မျိုးဗီဇစစ်ဆေးမှု နည်းလမ်းသစ်အရ လူနာများ အနေဖြင့် ဦးနှောက်ကင်ဆာရောဂါများရှိ၊ မရှိ အဖြေရရှိရေးအတွက် ကာလကြာမြင့်စွာ စောင့်ဆိုင်းရန် လိုအပ်တော့မည် မဟုတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါမျိုးဗီဇစစ်ဆေးမှုနည်းလမ်းသစ်သည် အသားစထုတ်ယူ၍ ရယူထားသည့် တစ်ရှူးနမူနာများမှ မျိုးဗီဇအခြေခံမော်လီကျူး (DNA)ကို စစ်ဆေးခြင်းဖြင့် ဦးနှောက်ကင်ဆာရောဂါကို ဖော်ထုတ်ပေးနိုင်သည်။

အထက်ပါ မျိုးဗီဇစစ်ဆေးနည်းဖြင့် ဦးနှောက်ကင်ဆာကို ဖော်ထုတ်နိုင်ခဲ့ပါက ခွဲစိတ်ကုသမှုနှင့် ဓာတ်ရောင်ခြည်ကုထုံးများကို ကြိုကြိုတင်တင်အသုံးပြု၍ ရောဂါကို ကုသနိုင်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ မျိုးဗီဇစစ်ဆေးနည်းဖြင့် ကျန်းမာသောဦးနှောက်တစ်ရှူးများ မထိခိုက်စေဘဲ ကင်ဆာဆဲလ်များကို ခွဲစိတ်ဖယ်ရှားရာတွင်လည်း အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ALKS 7290 အမည်ရှိ စမ်းသပ်ဆဲဆေးသစ်က နှလုံးကျန်းမာရေးပြဿနာပေါ်ထွက်စေခြင်းမရှိဘဲ ADHD ရောဂါလက္ခဏာများကို ကုသပေးနိုင်

နယူးယောက် စက်တင်ဘာ ၂၉

ALKS 7290 အမည်ရှိ စမ်းသပ်ဆဲဆေးသစ်တစ်မျိုးသည် နှလုံးကျန်းမာရေးပြဿနာပေါ်ထွက်စေခြင်းမရှိဘဲ စိတ်အားတက်ကြွမှုလွန်ကဲခြင်းရောဂါ (ADHD) လက္ခဏာများကို ကုသပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိ အသုံးပြုနေကြသည့် ADHD ကုထုံးများမှာ နှလုံးကျန်းမာရေးပြဿနာများပေါ်ထွက်လာနိုင်ခြေမြင့်မားမှုနှင့်ဆက်စပ်နေတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် ALKS 7290 အမည်ရှိ စမ်းသပ်ဆဲဆေးတစ်မျိုးသည် နှလုံးကျန်းမာရေးပြဿနာများကို ပေါ်ထွက်စေခြင်းမရှိဘဲ ADHD ရောဂါလက္ခဏာများကို ကုသပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ALKS 7290 ဆေးသစ်သည် အားနည်းချည့်နဲ့မှု၊ အိပ်စက်မှုနှင့် စွမ်းအင်ဟန်ချက်တို့ကို ထိန်းညှိပေးထားသော Orexin System ဦးနှောက်လည်ပတ်မှုစနစ်ကို တုပလည်ပတ်ပေးခြင်းဖြင့် ADHD ရောဂါလက္ခဏာများကို ကုသပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ADHD လူနာ ၅၀ ကို ALKS 2790 ဆေးဖြင့် စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# UFC ဖိုက်တာဘဝမှ အနားယူရန် စဉ်းစားနေကြောင်း ဂျက်စတင်ဂေဂျီ ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန် ဖိုက်တာ ဂျက်စတင်ဂေဂျီက မိမိအနေဖြင့် UFC ဖိုက်တာဘဝမှ အနားယူရန် စဉ်းစားနေသည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ဂျက်စတင်ဂေဂျီသည် နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇွန် ၁၄ ရက်က အမေရိကန်နိုင်ငံ အိမ်ဖြူတော်၌ ကျင်းပခဲ့သည့် UFC Freedom 250 ပြိုင်ပွဲတွင် ဂျော်ဂျီယာဖိုက်တာ တိုပူရီးယားနှင့်ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့် အနိုင်ရပြီး UFC ကမ္ဘာ့လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင်လက်ရှိတွင် ဂျက်စတင်ဂေဂျီသည် UFC ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် အာမေနီးယားဖိုက်တာ ဆာရူကန်နှင့် ထိုးသတ်ရန် ဆွေးနွေးနေမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ဂျက်စတင်ဂေဂျီက "ကျွန်တော် အသက် ၃၇ နှစ်ရှိပါပြီ။ UFCမှာ ကျွန်တော်သက်သေပြစရာတွေလဲ အကုန်လုပ်ဆောင်ခဲ့ပြီးပါပြီ။ အခု ဆာရူကန်နဲ့ထိုးဖို့ ဆွေးနွေးနေတယ်ဆိုပေမဲ့ မဆုံးဖြတ်ရသေးပါဘူး။ ကျွန်တော်အနားယူဖို့အတွက် စဉ်းစားနေပါတယ်။ ဘယ်ဟာကို ရွေးချယ်ရမလဲဆိုတာတော့ အတိကျမပြောနိုင်သေးပါဘူး။ ကျွန်တော့အသက်အရွယ်က အနားယူချိန်တန်နေပြီလို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

Ref : Source Boxing

Trs : STA



# မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကိုယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။



မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်နှင့် ၈၄ မိနစ်တို့တွင် ကောင်းခန့်ဟိန်း၊ ပွဲချိန် ၈၇မိနစ်တွင် သူရက သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဖယ်ကွန်အက်ဖ်စီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် ဟန်ထူးလွင်၊ ပွဲချိန် ၃၁ မိနစ်တွင် အောင်ဆက်ပိုင်၊ ပွဲချိန် ၄၉ မိနစ်တွင် အောင်သူလှိုင်တို့ကသွင်းယူခဲ့ကာ မြဝတီအက်ဖ်စီအသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ဘိုဟိန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် စက်တင်ဘာ ၃၀ရက်တွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ရန်ကုန်စီးတီးအသင်းနှင့် ရောဝတီယူနိုက်တက်အသင်း တို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အဖွဲ့ဝင်နိုင်ငံဘောလုံးအဖွဲ့ချုပ်များထံ ပံ့ပိုးငွေပိုမိုပေးအပ်မည်

**ဇူးရစ်ချ် စက်တင်ဘာ ၂၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က လာမည့် ၂၀၂၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်များအတွက် ပံ့ပိုးငွေပိုမိုပေးအပ်မည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့ကြောင်းသိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် အရန်ငွေအဖြစ် ထားရှိထားသည့် စတာလင်ပေါင် ၄ ဒသမ ၄ ဘီလီယံမှ လာမည့် ၂၀၂၇ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်များထံပံ့ပိုးငွေကို ယခုနှစ်ထက် ပိုမိုပေးအပ်မည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ပြိုင်ပွဲကို ကုမ္ပဏီတစ်ခုတည်ထောင်ပြီး အစုရှယ်ယာများ သတ်မှတ်ကာ ရောင်းချမည့်အစီအစဉ်ကို ကြေညာခဲ့ပြီးနောက် ဝေဖန်မှုများ မြင့်တက်လာခဲ့ပြီး ကန့်ကွက်မှုများကြောင့် အဆိုပါအစီအစဉ် ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုသည် အစောပိုင်းက လာမည့် ၂၀၂၇ ခုနှစ် မတ်လတွင် ကျင်းပမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲအတွက် ရေပန်းစားခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချရန် ကြိုးပမ်းခဲ့ပြီးနောက် ဝေဖန်မှုများမြင့်တက်လာခဲ့ပြီး ထောက်ခံအားပေးမှုများ နည်းပါးလာခဲ့ခြင်းဖြစ်သည်။

ယခုအခါ အင်ဖန်တီနိုက ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲမတိုင်မီ အဖွဲ့ဝင်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်များထံ ပံ့ပိုးငွေ ပိုမိုပေးအပ်မည်ဟု ထုတ်ပြန်ခဲ့ပြီး မဲဆွယ်မှုများစတင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# အန်နီစီနိုဗာက လက်ကောက်ဝတ်ဒဏ်ရာကြောင့် ယခုနှစ်တင်းနစ်ရာသီ လက်ကျန်ပြိုင်ပွဲများလွဲချော်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန် တင်းနစ်မယ် အန်နီစီနိုဗာက လက်ကောက်ဝတ်ဒဏ်ရာကြောင့် ယခုနှစ် တင်းနစ်ရာသီ လက်ကျန်ပြိုင်ပွဲများအားလုံး ပါဝင်ကစားနိုင်မည် မဟုတ်ဟု အတည်ပြုကြေညာခဲ့ကြောင်း Sportskeeda Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အန်နီစီနိုဗာသည် ပြီးခဲ့သည့် U.S.Open တင်းနစ်ပြိုင်ပွဲ၌ တတိယအဆင့်ပွဲစဉ်အဖြစ် ချက်တင်းနစ်မယ် ပိုတာပိုဗာနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် လက်ကောက်ဝတ်ဒဏ်ရာ ရရှိခဲ့ပြီးနောက် အနားယူနေခဲ့ရသူဖြစ်သည်။

အန်နီစီနိုဗာသည် ဒဏ်ရာကြောင့် စင်ကာပူအိုးပင်းတင်းနစ်ပြိုင်ပွဲကို လွဲချော်ခဲ့သည့်အပြင် ယခုနှစ် တင်းနစ်ရာသီလက်ကျန်ပြိုင်ပွဲများဖြစ်သည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် ဝူဟန်အိုးပင်းတင်းနစ်ပြိုင်ပွဲ တို့ကိုလည်း လွဲချော်မည်ဖြစ်သည်။

အန်နီစီနိုဗာက "စိတ်မကောင်းစွာနဲ့ပဲ ကျွန်မ ဒီရာသီလက်ကျန်ပြိုင်ပွဲတွေကို လွဲချော်ရမှာပါ။ ဒဏ်ရာကြွခိုင်မှု မရှိသေးလို့ ဒီရာသီ လက်ကျန်ပြိုင်ပွဲအားလုံး ကစားနိုင်မှာ မဟုတ်တော့ပါဘူး။ လာမဲ့ရာသီမှာ အကောင်းဆုံးပုံစံနဲ့ ပြန်လာနိုင်ဖို့ အကောင်းဆုံး ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အန်နီစီနိုဗာသည် ယခုနှစ် တင်းနစ်ရာသီတွင် ပြိုင်ပွဲစုံ ၂၂ပွဲ အနိုင်ရရှိခဲ့ကာ ၁၂ ပွဲ ရှုံးရလဒ်ပိုင်ဆိုင်ခဲ့ပြီး လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့် (၁၁)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

Ref : Sportskeeda Tennis

Trs : STA

# စီရော်နယ်ဒို၏ အပြုအမူအတွက် သီးသန့်တွေ့ဆုံဆွေးနွေးမည်ဟု ပေါ်တူဂီအသင်းနည်းပြ ဂျီးဆပ် အတည်ပြု

**လစ္စဘွန်း စက်တင်ဘာ ၂၉**

ပေါ်တူဂီအသင်း နည်းပြ ဂျီးဆပ်က နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်မှ စီရော်နယ်ဒို၏အပြုအမူ အတွက် သီးသန့်တွေ့ဆုံပြီး ဆွေးနွေးမှုများ လုပ်ဆောင်မည် ဖြစ်ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဥရောပ နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၂၈ ရက်တွင် ကစားခဲ့သည့် ပေါ်တူဂီအသင်းက နော်ဝေအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပွဲကစားခွင့် မရရှိခဲ့ဘဲ ပွဲချိန်အတွင်း စိတ်ပျက်သည့်အမူအရာများဖြင့် အရန်ခုံတန်းတွင် ထိုင်ခဲ့သကဲ့သို့ ပွဲစဉ်အပြီးတွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ နှုတ်ဆက်ခြင်းမရှိသည့်အပြင် အသင်းပရိသတ်များကိုလည်း နှုတ်ဆက်ခြင်းမရှိခဲ့ဘဲ ကွင်းအတွင်းမှ အဝတ်လဲခန်းသို့ ချက်ချင်း ထွက်ခွာခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအတွက် အသင်း ကစားသမားစာရင်းတွင် ပါဝင်ခဲ့ပြီးနောက် စက်တင်ဘာ ၂၅ရက်က ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် ဝေးလ်အသင်းတို့ ပွဲစဉ်တွင် ပွဲထွက် ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ပွဲချိန် ၆၇ မိနစ်တွင် လူစားလဲခံခဲ့ရသကဲ့သို့ နော်ဝေအသင်းနှင့် ပွဲစဉ်တွင်လည်း ပွဲထွက်ခွင့်မရရှိခဲ့ခြင်း ဖြစ်သည်။

ဥရောပ နေးရှင်းလိဂ်ပြိုင်ပွဲ မစတင်မီကတည်းက နည်းပြ ဂျီးဆပ်က စီရော်နယ်ဒိုကို အသင်း ကစားသမားစာရင်းတွင် ရွေးချယ်ခဲ့သော်လည်း ပုံမှန်ပွဲကစားခွင့်ပေးရန် အာမခံထားခြင်းမရှိဟု ပြောကြားခဲ့ပြီး ယခုအခါနော်ဝေအသင်းနှင့်ပွဲစဉ်မှ စီရော်နယ်ဒို၏လုပ်ရပ်ကြောင့် ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ကြောင်းသိရသည်။

Ref : 365 Scores

Trs : STA

# အကြိမ် ၂၀ မြောက်အာရှအားကစားပြိုင်ပွဲ Esports ပြိုင်ပွဲ၌ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုTeam Zanaka အသင်း ကွာတားဖိုင်နယ်အဆင့်တက်ရောက်



ရန်ကုန် စက်တင်ဘာ ၂၉

လက်ရှိ ဂျပန်နိုင်ငံတွင်ကျင်းပနေသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့် Esports ပြိုင်ပွဲအဖြစ် MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ MLBB ပြိုင်ပွဲ၌ Team Zanaka အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းတွင် ကစားခဲ့ရာ ဥဇဘက်ကစ္စတန်အသင်း၊ ဟောင်ကောင်အသင်းတို့ကိုနှစ်ပွဲပြတ်ဖြင့် အသီးသီးအနိုင်ရပြီးနောက် ရှုံးပွဲမရှိခဲ့ဘဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းသည် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကစားရမည်ဖြစ်သည်။

အလားတူ အကြိမ် ၂၀မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့် Esports ပြိုင်ပွဲများမှ PUBG ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် Team Zanaka အသင်းဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ အဆင့် (၁၂)နေရာတွင်သာ ရပ်တည်ခဲ့သည့်အတွက် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှစတင်ပြီး ပြန်လည်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ ကကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှစတင်ပြီး ပြန်လည်ကျင်းပမည်ဟု မြန်မာနေရှင်နယ်လိဂ်ကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ကျင်းပနေကာ ပထမအကျော့ပွဲစဉ်များ အပြီးတွင် ISPE အသင်းက ရမှတ် ၂၅ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့ပြီး လက်ရှိချန်ပီယံ ဧရာဝတီအသင်းက ရမှတ် ၂၂ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နေကာ ချန်ပီယံဆုအတွက် ဖိအားပေးလျက်ရှိနေသည်။

လာမည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်မြို့အပြင် ပုသိမ်မြို့၊ မန္တလေးမြို့တို့တွင်လည်း ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ စတင်ပြီး လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် အောက်တိုဘာ ၁၉ ရက်တွင် ဧရာဝတီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် ISPE အသင်း၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ဖွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ကစားမည်ဖြစ်ကြောင်း သိရသည်။

STA




# မိုကေ့ဗ်က UFC အဖွဲ့ချုပ်နှင့် ပြန်လည်စာချုပ်ချုပ်ဆိုပြီး ပြိုင်ပွဲများထိုးသတ်ခွင့်ရရှိရန် ကြိုးပမ်း

ဝါရှင်တန် စက်တင်ဘာ ၂၉

UFCဖိုက်တာဟောင်း တစ်ဦးဖြစ်သည့် ဗြိတိန်ဖိုက်တာ မိုကေ့ဗ်က UFC အဖွဲ့ချုပ်နှင့် ပြန်လည် စာချုပ်ချုပ်ဆိုပြီး UFC ပြိုင်ပွဲများတွင် ပြန်လည် ထိုးသတ်ခွင့်ရရှိရန် ကြိုးပမ်းနေကြောင်း MMA Tales သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မိုကေ့ဗ်သည် အစောပိုင်းက UFC အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုကာ UFC ပြိုင်ပွဲဖလိုင်းဝိတ်တန်းတွင် ဝင်ရောက်ထိုးသတ်ခဲ့ရာ အလားအလာရှိသည့် ဖိုက်တာတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပြီး UFC ပြိုင်ပွဲများတွင် ခုနှစ်ပွဲထိုးသတ်ခဲ့ရာ ခုနစ်ပွဲလုံးအနိုင်ရခဲ့သူဖြစ်သည်။

သို့သော် မိုကေ့ဗ်သည် ၂၀၂၄ ခုနှစ်တွင် UFC အဖွဲ့ချုပ်က စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် UFC ပြိုင်ပွဲများနှင့် ဝေးကွာခဲ့ရပြီး လက်ရှိတွင် UFC ဖလိုင်းဝိတ်တန်း၌ ပြန်လည်ထိုးသတ်ခွင့်ရရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိ UFC ဖလိုင်းဝိတ်တန်းတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန်က ချန်ပီယံအဖြစ် ရပ်တည်နေပြီး မိုကေ့ဗ်က UFC အဖွဲ့ချုပ်နှင့် ပြန်လည်စာချုပ်ချုပ်ဆိုကာ UFC ဖလိုင်းဝိတ်တန်းတွင် ဂျိုရှုအာဗန်ကို စိန်ခေါ်လိုကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် မိုကေ့ဗ်က UFC အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေသော်လည်း UFC အဖွဲ့ချုပ်ဘက်မှ တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : MMA Tales

Trs : STA

# ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်၏ နောက်ဆုံးအဆင့်သတ်မှတ်ချက်တွင် ဂျန်နစ်ခ်ဆင်နာနှင့် ရိုင်ဘာကီနာတို့ ကမ္ဘာ့အဆင့်(၁)နေရာတွင် ကိုယ်စီရပ်တည်



ဝါရှင်တန် စက်တင်ဘာ ၂၉

ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်(WTA)က ယနေ့တွင် ထုတ်ပြန်ခဲ့သည့် နောက်ဆုံး ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ အီတလီတင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့က အဆင့်(၁) နေရာတွင် ကိုယ်စီရပ်တည်နေကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျင်နစ်ခ်ဆင်နာသည် ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသည့်အတွက် ပြိုင်ပွဲအချို့ကို လွဲချော်ခဲ့သော်လည်း နောက်ဆုံးကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ရမှတ် ၁၁၀၀၀ ဖြင့် အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဂျင်နစ်ခ်ဆင်နာ၏ နောက်တွင် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်က အဆင့်(၂)၊ စပိန် တင်းနစ်ကစားသမား အယ်ကာရက်ဇ်က အဆင့်(၃)၊ အမေရိကန် တင်းနစ်ကစားသမား ဘင်ရှဲလ်တန်က အဆင့်(၄)၊ ကနေဒါ တင်းနစ်ကစားသမား ဖီလစ်က အဆင့်(၅) နေရာတို့တွင် အသီးသီးရပ်တည်နိုင်ခဲ့ကြသည်။

အလားတူ အမျိုးသမီးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာသည် ပြီးခဲ့သည့် U.S.Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီးနောက် ရမှတ် ၉၉၀၁ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ဆက်လက်ဦးဆောင်ခဲ့ကာ ၎င်း၏နောက်တွင် ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာက အဆင့်(၂)၊ အမေရိကန် တင်းနစ်မယ် ပီဂူလာက အဆင့်(၃)၊ ရုရှား တင်းနစ်မယ် အန်ဒရီဗာက အဆင့်(၄)၊ အမေရိကန် တင်းနစ်မယ် ကိုကိုဂတ်ဖ်က အဆင့်(၅)နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

# ဥရောပဘောလုံးအဖွဲ့ချုပ်က လိုင်လီအသင်းမှ အီသန်အမ်ဘတ်ပီကို ချန်ပီယံလိဂ်ပြိုင်ပွဲ သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်

ပဲရစ် စက်တင်ဘာ ၂၉

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က လိုင်လီအသင်းမှ ကွင်းလယ်ကစားသမား အီသန်အမ်ဘတ်ပီကို လိုင်လီအသင်းနှင့် ဘက်တစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်မှ အနီကတ်ပြစ်ဒဏ်အတွက် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် စက်တင်ဘာ ၉ ရက်က ကစားခဲ့သည့် ဘက်တစ်အသင်းက လိုင်လီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အီသန်အမ်ဘတ်ပီသည် ပွဲချိန် ၅၆ မိနစ်တွင် ပြိုင်ဘက်ကစားသမားကို ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သည့်အတွက် တိုက်ရိုက် အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

အီသန်အမ်ဘတ်ပီ၏ တိုက်ရိုက်အနီကတ်ပြစ်ဒဏ်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အီသန်အမ်ဘတ်ပီသည် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည့်အတွက် လိုင်လီအသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များဖြစ်သည့် အာဆင်နယ်အသင်း၊ ဂါလာတာစာရေးအသင်း၊ဘိုဒိုဂလင့်အသင်းတို့နှင့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ပြီးလာမည့်နိုဝင်ဘာ၂၆ရက်တွင် ကစားမည့် ဘိုင်ယန်မြူးနစ်အသင်းနှင့်ပွဲစဉ်မှသာ ပြန်လည်ပါဝင်ကစားနိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# မေတ္တာ ကရုဏာတရားဖြင့် ဘိုးဘွားများကိုစောင့်ရှောက်ကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)

လောကသဘာဝတွင် လူတို့သည် ငယ်ရာမှကြီး၊ ကြီးရာမှအို၊ အိုရာမှသေဆိုသည့် သံသရာစက်ဝန်းအတိုင်း လည်ပတ်လျက်ရှိသည်။ အသက်ငယ်ရွယ်သူ လူငယ်များသည် ပညာပြည့်ဝသည့် အညွှန့်အဖူးများပမာတည်ရှိသကဲ့သို့ သက်လတ်ပိုင်းအရွယ်များမှာလည်း လူမှုစီးပွားဘဝတိုးတက်ရေးအခန်းကဏ္ဍကို ဖော်ဆောင်သူများဖြစ်ပေသည်။ ထို့အတူ အသက်အရွယ် ကြီးရင့်သူများကိုလည်း အိုသောကြောင့် လူ့ပတ်ဝန်းကျင်တွင် ပစ်ပယ်ထားခြင်း မပြုသင့်ပေ။ အိုမင်းလာသည့် ဘိုးဘွားများသည် မအိုခင်နုပျိုစဉ်က လူမှုရေး၊ စီးပွားရေးကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာယ၊ ဉာဏစွမ်းအားများကို အသုံးချပြသနိုင်ခဲ့သည့် လူသားများလည်းဖြစ်သည်။ နိုင်ငံ့အကျိုး၊ မိသားစု၊ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့သူများဖြစ်သဖြင့် ကျေးဇူးတရားရှိသူ လောကကိုအလှဆင်သူများအဖြစ် ရှုမြင်ရမည်ဖြစ်သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးသည် သတ္တဝါတိုင်းနှင့် သက်ဆိုင်သော ပြောင်းလဲမှုဖြစ်စဉ်ဖြစ်သည်။ လူသည်လည်း နုပျိုရာမှ အိုမင်းလာတတ်သည့်သဘောရှိပေသည်။ အသက်အရွယ်အရ အိုလာသည်နှင့်အမျှ သန်မာတောင့်တင်းခဲ့သည့် ခွန်အားဗလ၊ ရုန်းကန်နိုင်စွမ်းအားတို့မှာလည်း ကျဆင်းရစမြဲဖြစ်သည်။ နုပျိုသူတိုင်း တစ်နေ့အိုကြရမည်ဖြစ်သည်။ လူတစ်ယောက် အိုမင်းလာချိန် စားချင်စိတ်ရှိနိုင်သည့်တိုင် လျှာဖျားတွင် အရသာမရှိ ခံတွင်းမတွေ့ဖြစ်ကြရသည်။ သွားချင်စိတ်ရှိနေသည့်တိုင် ခန္ဓာကိုယ်က မလိုက်နိုင်ခြင်းကြောင့် စိတ်သွားတိုင်းကိုယ်မပါသူတစ်ယောက်ဖြစ်သွားခဲ့ရသည်။ လှပသောအဝတ်အစားဆန်းများကိုလည်း မမက်မောနိုင်၊ ကိုယ့်အရိုးကိုယ်မသယ်နိုင်သည့် ဘိုးဘွားတို့၏ ရုပ်တည်နေထိုင်မှုကို ကိုယ်ချင်းစာသည့်သဘောရှုထောင့်ကကြည့်မှသိနိုင်သည်။ လူတိုင်းကိုယ်ချင်းစာနာစိတ်မွေးမြူ၍ ကိုယ်နှင့်နှိုင်းစာ နားလည်ပေးခြင်း၊ ဖေးမကူညီခြင်း၊ ဘိုးဘွားတို့၏ ညည်းတွားဆန္ဒများကို ခွင့်လွှတ်နားလည်ပေးခြင်း၊ စားချင်စိတ်၊ သွားချင်စိတ်တို့ကို စွမ်းနိုင်သမျှ သည်းခံဖြည့်ဆည်းပေးခြင်းများဖြင့် စိတ်ကြည်လင်စွာ ပြုစုစောင့်ရှောက်သင့်ပေသည်။

အသက်အရွယ်ကြီး ရင့်လာသူတိုင်း မိမိကိုယ်ကိုနှင့် သူတစ်ပါးကို စိတ်တိုင်းမကျဖြစ်တတ်သည်မှာသဘာဝဖြစ်သည်။ ငယ်စိတ်ကို အခြေခံသောအလိုလိုစိတ်တို့မှု၊ အပြစ်တင်သောစကားများပြောဆိုမှုမှာ ဗီဇအရတည်ရှိနေစမြဲဖြစ်သည်။ ဘိုးဘွားတို့ ဝမ်းမနိုင်၊ အဝတ်မနိုင်မှုမှာလည်း ခွန်အားယုတ်လျော့မှုကို ပြသသည့်သဘောတရားများဖြစ်သည်။ သားသမီးမြေးမြစ်တို့၏ အပြစ်တင်ခံရသည့်ဘိုးဘွားများ၏ဘဝကို ကိုယ်ချင်းစာနာစရာအလွန်ကောင်းလှသည်။ တချို့သောဘိုးဘွားများက အိုဇာတာကောင်းကြသည်။ သားသမီးကံကောင်းခြင်း၊ မြေးမြစ်ရရှိမှုကံကောင်းခြင်းတို့ဖြင့် အိုသည့်တိုင်၊ မကျန်းမာဖြစ်သည့်တိုင် စားချိန်စား၊ ဆေးသောက်ချိန်သောက်နိုင်သဖြင့် ဘဝအဓိပ္ပာယ်ပြည့်စုံသည်ဟုဆိုနိုင်သည်။ ဘိုးဘွားများအတွက် သားသမီးမြေးမြစ်တို့၏မသိတတ်မှုဖြင့် ကိုယ်ရောစိတ်ပါဒုက္ခရောက်ကြရသည်။ လောကဓံကိုခံနိုင်ရည်မရှိသည့် သားသမီးမြေးမြစ်တစ်စု၏ ပစ်ပယ်ခြင်း၊ စွန့်ပစ်ခြင်းတို့ကြောင့် ဘိုးဘွားတချို့ ဘိုးဘွားရိပ်သာရောက်ကြရသည်။ ဆွေမျိုးသားချင်းများ၏ မစောင့်ရှောက်နိုင်မှုကြောင့်လည်း ဘိုးဘွားရိပ်သာသို့ရောက်ကြသည်။ ဝဋ်မှာအမြဲ ငရဲမှာအပ ကြုံဆုံရသည့်ဘဝတိုင်းတွင် ကိုယ်ပြုလုပ်ခဲ့မိသောအကြောင်းတရားများသည် တစ်ဖန်အကျိုးအဖြစ် တစ်လှည့်ပြန်ခံကြရမည်ဖြစ်သည်။

❖ **အမှန်ကိုသိ၍ အသက်အရွယ်အရဖြစ်လေ့ရှိသည့် စိတ်ခံစားချက်ကို တဒင်္ဂစိတ်ဖြင့်မပြစ်မှားလိုက်ပါနှင့်။ မိမိ၏ မိဘ၊ ဘိုးဘွား၏ ကျေးဇူးတရားများကို ပြန်လည်အောက်မေ့ကြရမည်ဖြစ်ပေသည်။ မြင်သည့်အမြင်၊ တွေးသည့်အတွေးများကို မေတ္တာ၊ ကရုဏာတရားများဖြင့်သာကြည့်ရှုသင့်သည်။ စိတ်ခံစားချက်ဟူသည် မိမိယူဆလိုက်သောအရာကိုသာ တထစ်ချလက်ခံတတ်သည့်သဘောရှိသည်။ သိပ်စိတ်ရှုပ်ဖို့ကောင်းတာပဲ၊ သူ့ကိုစွချည်းပဲဆိုသည့်စကားလုံးများအစား ငယ်စဉ်ကလေးဘဝက မရှုံမရှာပြုစုပျိုးထောင်ပေးခဲ့သည့် မိဘ၊ ဘိုးဘွားများ၏ ချစ်ခင်စွာစောင့်ရှောက်မှုကို အတွေးပြောင်း၍ ကုသိုလ်စိတ်ဖြစ်အောင် နှုတ်ကိုသတိဖြင့်ထိန်းသိမ်းရမည်။** ❖

လူသားတိုင်း မေတ္တာတရားအခြေခံစိတ်၊ ကိုယ်ချင်းစာစိတ်တို့ဖြင့် အသက်ရှင်နေထိုင်သွားသင့်သည်။ မေတ္တာစိတ်သည် အလွန်တရာငြိမ်းချမ်းသည်။ မိမိမေတ္တာသည် အလကားမဖြစ်၊ မေတ္တာဖြူစင်မှုဖြင့် မနှစ်သက်သောအကြည့်၊ ရွံစရာ၊ မကြားဝံ့မနာသာစကားများ၊ အပြုအမူများကို ကျော်လွှားနိုင်သည်။ မေတ္တာအတိမ်အနက်သည် လွန်စွာပင်ကြီးမားလှပေသည်။ စိတ်ကိုနှိမ့်ချခြင်း၊ ခလေ့မွေးမြူခြင်းနှင့်အတူ မေတ္တာတရား၏အေးမြမှုကိုလည်း ကိုယ်တိုင်ခံစားရရှိစေနိုင်သည်။ မေတ္တာတရားမရှိသူသည် စိတ်ကိုလည်း နှိမ့်ချနိုင်မည်မဟုတ်၊ မောက်မာစိတ်တို့ဖြင့်သာ ဘဝတစ်နေ့တာရုန်းကန်ကုန်ဆုံးနေရမည်ဖြစ်သည်။

လူသည် အရိုး၊ အသွေးအသားတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားရှိသဖြင့် တရားသဘောအရဆင်ခြင်လျှင် လွန်စွာမှပင်အကျိုးရှိသည်။ အရေပြားကဲ့သို့ အကာအရံ၊ အကာအကွယ်များဖြင့် ဖုံးကွယ်နေ၍သာ၊ အပေါ်ယံအမြင်နှင့် ကြည့်နေခြင်းကြောင့်သာ မပေါ်လွင်သောရုပ်တရား၏ ဖောက်ပြန်ပျက်စီးခြင်းကို မတွေ့မမြင်ခြင်းဖြစ်သည်။ ထို့တူ အချိန်မလပ် လူ့ခန္ဓာကိုယ်မှ အနံ့အစုံထွက်ရှိနေပြီး နေ့စဉ်ရေချိုးခြင်း၊ အမွှေးနံ့သာ လိမ်းခြယ်ခြင်းများကြောင့်သာ အနံ့ဆိုးများ ကွယ်ပျောက်နေရခြင်းဖြစ်သည်။ မဖြီးမလိမ်း မပြင်ဆင်ဘဲနေလျှင် လူ့အမြင်အသွင်တင့်တယ်လိမ့်မည်မဟုတ်ပေ။

ဘိုးဘွားတို့ အိုလေပြီ။ ရုပ်တရား၏ ဖောက်ပြန်မှုကြောင့် အနံ့ဆိုးများ ထွက်ရှိနေကြသည်။ ကရုဏာစိတ်ဖြင့် ကြည်သာရွှင်ပြပြုစုစောင့်ရှောက်ပေးရန် လိုအပ်သည်။ ကိုယ့်လက်ကိုယ့်ခြေဖြင့် မစီမံနိုင်တော့သည့် ဘိုးဘွားတို့ကို လုပ်ကျွေးစောင့်ရှောက်ခြင်းကုသိုလ်သည် အပြောမဟုတ် လက်တွေ့အကျိုးပေးနိုင်သည်။ လွန်စွာမှပင် အကျိုးကြီးမားသောကုသိုလ်ဖြစ်သည်။ သတိသံဝေဂတရားများရရှိနိုင်သည်။ သည်းခံခြင်းပါရမီများလည်း တိုးတက်လာနိုင်သည်။ ရုပ်သဘော၊ စိတ်သဘောကို မလေ့လာမီ သိမ်မွေ့စွာစူးစမ်းလေ့လာနိုင်သည်။ သားသမီးအရင်းအချာများ မိဘကိုပစ်ပယ်မထားသင့်ပေ။ ကျေးဇူးမသိတက်သည့်သားသမီးစာရင်းတွင် မပါဝင်ဘဲ သည်းခံစိတ်ဖြင့်မိဘများကို ချစ်ခင်စွာစောင့်ရှောက်ကြရပေမည်။

ယနေ့အချိန် မိမိ၏သွေးသားအရင်းမဟုတ်ငြား ကရုဏာတရားရှေ့ထား၍ ဘိုးဘွားများကိုပြုစုစောင့်ရှောက်နေသူများရှိသည်။ ထိုကဲ့သို့စိတ်ဓာတ်ပိုင်ရှင်များသည် အခုလက်ရှိသာမက၊ နောင်သံသရာအတွက်ပါ ခံစားစံစားနိုင်မည်ဖြစ်သည်။ သားသမီးမြေးမြစ်သွေးသားရင်းချာတို့၏ ရင်တွင်းနှလုံးသားများ ပျော့ပျောင်းသင့်ချိန်တန်လေပြီ။ မိမိတို့ခံစား၊ စံစားရရှိနေသည့် ရာထူး၊ စည်းစိမ်ဥစ္စာဘဝအခြေအနေအရပ်ရပ်သည် မိဘ၊ ဘိုးဘွားများ၏ပြုစုပျိုးထောင်မှုမှတစ်ဆင့် ရင်သန်ဖြစ်ထွန်းခဲ့ရသည့် အသီးအပွင့်များသာဖြစ်သည်။ပြုစုစောင့်ရှောက်ရန် မငြင်းဆန်လိုက်ပါနှင့်။ အမှန်ကိုသိ၍ အသက်အရွယ်အရဖြစ်လေ့ရှိသည့်စိတ်ခံစားချက်ကို တဒင်္ဂစိတ်ဖြင့် မပြစ်မှားလိုက်ပါနှင့်။ မိမိ၏မိဘ၊ ဘိုးဘွား၏ ကျေးဇူးတရားများကို ပြန်လည်အောက်မေ့ကြရမည်ဖြစ်ပေသည်။ မြင်သည့်အမြင်၊ တွေးသည့်အတွေးများကို မေတ္တာ၊ ကရုဏာတရားများဖြင့်သာ ကြည့်ရှုသင့်သည်။ စိတ်ခံစားချက်ဟူသည် မိမိယူဆလိုက်သောအရာကိုသာ တထစ်ချလက်ခံတတ်သည့်သဘောရှိသည်။ စိတ်ရှုပ်ဖို့ကောင်းတာပဲ၊ သူ့ကိုစွချည်းပဲ ဆိုသည့်စကားလုံးများအစား ငယ်စဉ်ကလေးဘဝက မရှုံမရှာပြုစုပျိုးထောင်ပေးခဲ့သည့် မိဘ၊ ဘိုးဘွားများ၏ ချစ်ခင်စွာစောင့်ရှောက်မှုကို အတွေးပြောင်း၍ ကုသိုလ်စိတ်ဖြစ်အောင် နှုတ်ကိုသတိဖြင့်ထိန်းသိမ်းရမည်။ မနေဖူးလို့၊ မခံစားဖူးလို့ပါ၊ သူ့ဒုက္ခကမသေးဘူးဟူသောစကားများဖြင့်လည်း အကုသိုလ်မယူသင့်ပေ။ ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘောတရား၊ အဖြစ်အပျက်တစ်ခုဟုသာရှုမြင်၍ နေထိုင်သွားပါက ကိုယ်စိတ်နှစ်ပါးအေးချမ်းသွားမည်ဖြစ်သည်။

ဘိုးဘွားများ မှတ်ဉာဏ်ချို့ယွင်းပြီး ထင်ရာမြင်ရာပြောဆိုခြင်း၊ စိတ်ထင်ရာသွားလာခြင်း၊ စိတ်ဆိုးခြင်းအခြေအနေများ ဖြစ်ပေါ်လေ့ရှိသည်။ စိတ်ဆိုးလျှင် လူကောင်းပင် ထိန်းသိမ်းရခက်တတ်သည်။ စိတ်ပုံမှန်ဖြစ်ရန် အချိန်ပေးရသည်။ ထိုကဲ့သို့အချိန်မျိုးတွင် စိတ်ကျေနပ်အောင် ပြောဆိုပေးရန်လိုအပ်သည်။ အလားတူပင် ဘိုးဘွားများ စိတ်ဆိုးမှုကို ဖြေဖျောက်နိုင်သည့် နည်းလမ်းများကို အသုံးပြုလျက် စိတ်ချမ်းသာ ပျော်ရွှင်အောင် စွမ်းဆောင်ပေးရလေ့ရှိသည်။ စိတ်ဆိုးသူနှင့်အပြိုင် စိတ်မဆိုးသင့်ဘဲ စိတ်ဆိုးပြေအောင် ချော့မော့ကြရသည်။ နားဝင်လွယ်သည့်စကားလုံးများကို ရွေးချယ်ပြောဆိုရသည်။ ဘိုးဘွား၊ သက်ကြီးရွယ်အိုများ ထိန်းသိမ်းစောင့်ရှောက်မှုသည် သိမ်မွေ့ညင်သာလွန်းလှသည်။ သက်ကြီးရွယ်အိုများ၏ အရေးပါမှုကို ထုတ်ဖော်ချီးကျူးခြင်း၊ အသုံးဝင်သောစိတ်ဓာတ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြုခြင်းများဖြင့် စိတ်ဓာတ်ကိုမြှင့်တင်ပေးရမည်ဖြစ်သည်။ အပယ်ခံဘဝကို မည်သူမျှမလိုလားကြပေ။ အပယ်ခံရလျှင်လည်း စိတ်ဓာတ်များကျဆင်းသွားကြရသည်။

အနှစ်ချုပ်အားဖြင့် ဘိုးဘွားများကို ပစ်မထားသင့်ပေ။ အချိန်နှင့်အမျှ ယိုယွင်းပျက်စီးနေသည့် ကိုယ်စိတ်နှစ်ပါးကို ထိန်းသိမ်းနိုင်သည့်နည်းလမ်းမရှိသော်လည်းဘိုးဘွားများ၏ စိတ်အခြေအနေကို အကဲခတ်၍ ဘိုးဘွားများ၏ စိတ်အပြောင်းအလဲ၊ အနေအထိုင် အပြုအမူများကိုကြည့်၍ လိုက်လျောညီထွေ ဆောင်ရွက်ပေးသင့်သည်။ ဘိုးဘွားများ သွားတတ်သည့်နေရာ၊ စားတတ်သည့်အစားအစာများကိုလေ့လာ၍ ဖြည့်ဆည်းပေးရမည်။ သတိမေ့လျော့မှုဖြင့် လမ်းမှား၊ အိမ်မှားဖြစ်ပြီး အိမ်မပြန်တတ်မှုကို ကုစားနိုင်သော နည်းလမ်းများလည်း ရှာဖွေရသည်။ ဘိုးဘွားများ စဉ်းစားတွေးခေါ်မှုအားနည်းမသွားစေရန်၊ စိတ်ကျရောဂါမခံစားရစေရန်၊ ကျန်းမာရေးကောင်းမွန်စေရန် သားသမီး၊ မြေးမြစ်များမှ ကရုဏာထားစောင့်ရှောက်သွားမည်ဆိုပါက ဘိုးဘွားများ၏နေဝင်ချိန်အလှ ပြီးပြည့်စုံနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# နေမမြင်အင်ပါယာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



ရန်ကုန် စက်တင်ဘာ ၂၉

SUNDAY Film Production က ရိုက်ကူးထုတ်လုပ်သည့် နေမမြင် အင်ပါယာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို စက်တင်ဘာ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်ကားကို ပုံဖော် ရိုက်ကူးပေးထားသူ ဒါရိုက်တာ မီးပွားထံမှ သိရသည်။

အဆိုပါ နေမမြင်အင်ပါယာ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဖရော်ဆန်၏ အောင်မြင်သည့် လုံးချင်းဝတ္ထုကို မိုးမိုးစောဝင်းက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မီးပွားက SUNDAY Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာပြည် အနယ်နယ်အရပ်ရပ်က ဘဝရပ်တည်ဖို့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ရှာဖို့ ရန်ကုန်ကို ရောက်လာတယ်။ အထည်ချုပ် လုပ်ငန်းတွေကို လုပ်တယ်။ အခက်အခဲပေါင်းများစွာကိုဖြတ်ကျော်ပြီး ဘဝကို ရုန်းကန်ရတယ်။ အဲဒီ အခက်အခဲ ပေါင်းများစွာ ဖြတ်သန်းပြီး ဘယ်လို ရပ်တည်ရှင်သန်ကြလဲဆိုတဲ့ ဇာတ်လမ်းအပေါ်မှာ ဇာတ်ကားအဖွဲ့တွေ အများကြီးနဲ့ ကာရိုက်တာပီပြင်အောင် တော်တော် ကြိုးစားခဲ့ကြပါတယ်" ဟု ဒါရိုက်တာ မီးပွားက ပြောပြသည်။

နေမမြင် အင်ပါယာရုပ်ရှင် ဇာတ်ကားတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ဗညားဘုန်းပြည့်၊ နေ့သစ်အေးအောင်၊ ရဲလွင်ဦး၊ စိုးမိုးကြည်၊ အေးမြတ်သူ၊ မြတ်သူသူ၊ သံသာညီ၊ ယွန်းမိမိသိမ့်၊ ဆုထက်ကဉ္စ၊ မေသက်ကျော် နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Deadlocked ဇာတ်ကား၌ မာကိုဇာရာနှင့် တိုင်ရစ်ဂျွန်ဆင်တို့ ပါဝင်မည်

နယူးယောက် စက်တင်ဘာ ၂၉

Amazon MGM စတူဒီယို၏ Deadlocked အမည်ရှိ အက်ရှင် ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား မာကိုဇာရာနှင့် တိုင်ရစ်ဂျွန်ဆင်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

Deadlocked ဇာတ်ကားတွင် မာကိုဇာရာနှင့် တိုင်ရစ်ဂျွန်ဆင်တို့သည် မင်းသား ဂျေမီဖောက်၊ မင်းသမီး ဆာရာကတ်လီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Deadlocked ဇာတ်ကား၌ အထက်ပါ အမျိုးသား သရုပ်ဆောင်နှစ်ဦး ပါဝင် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို Amazon MGM စတူဒီယိုက ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

Deadlocked ဇာတ်ကားသည် တရားသူကြီး တာဝန်ထမ်းဆောင်နေသည့်အငြိမ်းစား မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက ဓားစားခံဖမ်းဆီးမှုဖြစ်စဉ်တစ်ရပ်အား ရင်ဆိုင်ဖြေရှင်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Deadlocked ဇာတ်ကားကို အိန္ဒိယဒါရိုက်တာ နီခေးဘတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် မေမြင့်မိုရ်က ငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲအတွက် သရုပ်ဆောင် မေမြင့်မိုရ်က စက်တင်ဘာ ၂၈ ရက်တွင် အလှူငွေကျပ် ၁၀ သိန်းကို လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယ ဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

၁၀၆ နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၉ ကြိမ်မြောက်ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြောင်းရွှေ့ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ်အစဉ်လာ မပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေကို ပါဝင် လှူဒါန်းနေကြတာတွေ ရှိပါတယ်။




စက်တင်ဘာလ ၂၈ ရက်က သရုပ်ဆောင်မေမြင့်မိုရ်က အလှူငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းပါတယ်။ ဒီနှစ်ကတော့ ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကိုတော့ ဝဇီရာကဇာတ်ရုံကြီးမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက ရွှေရတုခန်းမမှာ ကျင်းပခဲ့ပါတယ်။ နေရာအခက်အခဲကြောင့် သက်ကြီးရုပ်ရှင် မိဘတွေအားလုံးကို မဖိတ်ကြားနိုင်ပါဘူး။ ဒီနှစ်ကတော့ ကျန်းမာရေးအရ မတက်ရောက်နိုင်သူတွေကလွဲရင် တက်ရောက်နိုင်သူအားလုံးကို ဖိတ်ကြားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။ ASH

# Saw ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ပီနယ်ဆင် ရိုက်ကူးမည်

နယူးယောက် စက်တင်ဘာ ၂၉

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Saw ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာမိုက်ပီနယ်ဆင်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

Saw ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂရီဂိုရီပိုက်မင်းနှင့် ဂျေ့တော့တို့က တာဝန်ယူရေးသားမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက်ထုတ်လုပ်သူအဖြစ် မူလ Saw ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာ ဂျိမ်းဝမ်က တာဝန်ယူမည်ဖြစ်သည်။

ဒါရိုက်တာ မိုက်ပီနယ်ဆင်သည် လာမည့်ပတ်အတွင်း Lionsgate ရုပ်ရှင်ကုမ္ပဏီက ရုံတင်ပြသမည့် Beware Boiuna ဇာတ်ကားကို ရိုက်ကူးပေးထားသူဖြစ်သည်။

လက်ရှိအချိန်တွင် Saw ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Lionsgate ကုမ္ပဏီက စိစစ်ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Saw ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# MIN THAR GYI ENTERTAINMENT က ရိုက်ကူးထုတ်လုပ်မည့် မိုက်ရိုင်းလိုက်တာ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၉

Min Thar Gyi Entertainment က ရိုက်ကူးထုတ်လုပ်မည့် မိုက်ရိုင်းလိုက်တာ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် မင်းသူရကျော်ထံမှ သိရသည်။

အဆိုပါ မိုက်ရိုင်းလိုက်တာ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို Alam Kar ရေးသားထားပြီး ဒါရိုက်တာ Rair Winohe က Min Thar Gyi Entertainment အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုက်ရိုင်းလိုက်တာ Mini Series လေးက ညီအစ်ကိုသုံးယောက်ရဲ့ ဇာတ်လမ်းပုံစံလေးပါ။ ကျွန်တော်က အငယ်ဆုံး၊ ကိုစိုင်းသီဟက အစ်ကိုကြီး၊ ကို Moe Z က အစ်ကိုလတ်ပေါ့။ ပေပေတေတေ အလုပ်အကိုင်မရှိ ဆိုးသွမ်းနေတဲ့ ညီအစ်ကိုသုံးယောက် ဇာတ်လမ်းလေးပါ။ အဓိက ဒီလိုဇာတ်လမ်းမျိုးလေးကို ရိုက်ဖြစ်တာကတော့ အက်ရှင်မင်းသားတွေနဲ့ လူကြမ်းသရုပ်ဆောင်တွေကို အလုပ်အကိုင်လေးပေးချင်လို့ပါ။ အားပေးကြဖို့ ပရိသတ်တွေကို တောင်းဆိုချင်ပါတယ်"ဟု သရုပ်ဆောင် မင်းသူရကျော်က ပြောပြသည်။

အဆိုပါ မိုက်ရိုင်းလိုက်တာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းသူရကျော်၊ မင်းသားကြီး၊ စိုင်းသီဟ၊ Saw Moe Z၊ ဆောင်ဇေရီစုစံနှင့် အခြား အနုပညာရှင်များ ပါဝင်သရုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Vice-President U Nyo Saw addresses e-Government Steering Committee Coordination Meeting (1/2026)



Vice-President U Nyo Saw attends and addresses e-Government Steering Committee Coordination Meeting (1/2026).

**Nay Pyi Taw September 29**

The e-Government Steering Committee Coordination Meeting was held this afternoon at the meeting hall of the Ministry of Digital Development and Communications, Office No. (2), in Nay Pyi Taw, with e-Government Steering Committee Chairman Vice-President U Nyo Saw attending and delivering an address.

The meeting was attended by e-Government Steering Committee Vice-Chairman and Union Minister for Digital Development and Communications U Mya Htun Oo, Union ministers who are steering committee members, Union-level officials, deputy ministers, the chairman of the Myanmar Computer Federation and departmental officials. Chief ministers of regions and states who are steering committee members attended online.

At the meeting, the Vice-President discussed in detail the measures required to implement the country's e-Government processes more effectively and extensively and facilitate the transition to Digital Government across the government, including the development of Public-Private Partnership (PPP) frameworks involving the private sector and technology experts in addition to the government sector to ensure the successful implementation of e-Government initiatives; the provision of services through Single Window and One-Stop Digital Services platforms; information security and cybersecurity; and the approval and enactment of the National Digital Development Strategy 2030 and the Digital Development Law. He urged all departments and organizations to systematically coordinate and work in harmony to build a Digital Government based on e-Government services that the public can use with confidence.

The Steering Committee Vice-Chairman reported on preparations for e-Government implementation, while the committee secretary provided an update on the implementation process. Committee members also exchanged views and made recommendations to ensure the successful implementation of e-Government initiatives.

The Vice-President subsequently reviewed and discussed the reports, coordinated the necessary measures and delivered concluding remarks before the meeting was successfully concluded.

MNA

# Press Release

## Repatriation of verified Myanmar Nationals from Malaysian Detention Camps



Officials assist and welcome 1,476 verified Myanmar returnees aboard navy vessels at Lumut Port, Malaysia, ahead of departure for Yangon.



Officials assist and welcome 1,476 verified Myanmar returnees aboard navy vessels at Lumut Port, Malaysia, ahead of departure for Yangon.

Myanmar Navy vessels, namely UMS Moattama, UMS Than Lwin and UMS Sin Phyu Shin arrived at Lumut Port, Malaysia on the morning of 28 September to repatriate 1,476 verified Myanmar nationals who had been detained in the Malaysian Immigration detention camps and faced difficulties following completion of their sentences due to the violation of the immigration regulations. Following the systematic handover of the verified Myanmar nationals by the Myanmar Embassy and the Office of the Military, Naval and Air Attache of Myanmar in Kuala Lumpur, the vessels carrying the returnees departed from Lumut Port, Malaysia on the evening of 29 September 2026 for Yangon.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: September 2026**

# Authorities earmark to grow more than 9,000 acres of canola and niger in Tamu District



A thriving niger plantation in Tamu District.

**Tamu September 29**

Tamu District Agriculture Department stated that local authorities have earmarked cultivation of more than 9,000 acres of canola and niger as cold season crops in Tamu District of Sagaing Region this year.

A total of 9,320 acres of canola and niger seed are targeted to be cultivated in Tamu District during the 2026-2027 winter crop season, with cultivation scheduled to take place from October to December this year.

"During the winter crop cultivation season in Tamu District, we have set a target to cultivate 9,320 acres of canola and niger seed. Efforts will also be made to ensure that the targeted acreage is fully cultivated. Canola and niger seed are cultivated annually. Both crops are used for oil production as well as for medicinal purposes," said an official.

During the 2026-2027 winter crop season, the township-wise cultivation targets for canola and niger seed in Tamu District are 3,000 acres of canola and 130 acres of niger seed in Myothit Township; 4,870 acres of canola and 220 acres of niger seed in Tamu Township; and 1,050 acres of canola and 50 acres of niger seed in Khampak Township, totalling 9,320 acres.

Canola and niger seed are cultivated regularly every year in Tamu District. In Sagaing Region, Katha and Kawlin townships are generally the main areas where niger seed and canola are cultivated. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 800 acres of vegetables harvested in Pwintbyu Township

**Pwintbyu September 29**

Based on data compiled by the township Agriculture Department, local farmers have harvested more than 800 acres of vegetables planted in monsoon in Pwintbyu Township of Magway Region this year.

Farmers in Pwintbyu Township have cultivated 1,597 acres of vegetables during this year's monsoon crop season. Harvesting of the vegetable crops began in September, and 813 acres have been harvested so far, with an average yield of 950 viss per acre.

"During the monsoon crop season, 1,597 acres of vegetables were cultivated in Pwintbyu Township. Harvesting of the cultivated vegetable fields began in September this year, and more than 800 acres have been harvested so far.

"The main vegetables cultivated include tomato, mustard greens, chilli, coriander, potato, cabbage, cauliflower, eggplant, radish, cucumber, bottle gourd, pumpkin, okra, long bean and bitter gourd. The Township Department of Agriculture has provided field-level technical supervision and guidance to ensure that all vegetables are cultivated in accordance with Good Agricultural Practices (GAP), with minimum chemical residues and in compliance with food safety standards," said Daw Moe Moe Wai, head of the Pwintbyu Township Department of Agriculture.

During the monsoon crop season, the Township Department of Agriculture has also provided farmers growing vegetables with extension services on proper cultivation methods, prevention and control of pests and diseases, preparation and use of organic fertilizers and natural pesticides, and expansion of cultivated acreage.

If vegetables are cultivated to achieve good yields and quality, they can meet local consumption needs while surplus produce can be sold to generate income, thereby contributing to improvements in local socioeconomic conditions. Therefore, efforts should be made to expand vegetable cultivation in all areas, Daw Moe Moe Wai said.

Ye Win Naing (NyaungU)

# Monywa District plans to grow more than 1,000 acres of butter bean in coming winter

**Monywa September 29**

Local authorities set a plan to plant more than 1,000 acres of butter bean as cold season crops in Monywa District of Sagaing Region, according to the district Agriculture Department.

In 2026-27 winter crops season, local authorities earmarked cultivation of 995 acres of butter bean in Monywa Township, 85 acres in Budalin Township and 400 acres in ChaungU Township, totalling 1,480. The cultivatio started in October and it plans to complete cultivation tasks in December this year.

Dr Tin Mar Mar Oo, Head of Monywa District Agriculture Department remarked: "We have a plan to cultivate more than 1,000 acres of butter bean in Monywa District in coming cold season. Our department will assist farmers in growing the crops to meet the target cultivation. Generally, they grow butter bean in cold season. Growing of butter bean in the district makes successful. As the crop fetches good price, local farmers are keen to grow the butter bean."

Local farmers decide to grow butter bean only in Monywa District, some of them emphasize the mix-cropping efforts to earn extra incomes.

This year, officials of relevant Agriculture Department encourage local farmers to grow quality strains of crops to boost per-acre yield of crops and use necessary agricultural technologies in Monywa District. Moreover, staff of the department slate to raise agricultural awareness for local farmers to use pesticide and make it in addition to harvesting the corps in time. 206



This photo captures a thriving butter bean plantation.

# More than 2,000 acres of green gram harvested in Kanbalu Township

**Kanbalu September 29**

Statistics of Kanbalu Township Agriculture Department indicated that local farmers have reaped more than 2,000 acres ofgreen gram in the township this year.

A total of 55,319 acres of green gram have been cultivated in Kanbalu Township during this year's monsoon crop season. Harvesting of the green gram fields began in September, and 2,108 acres have been harvested so far, with an average yield of 16.20 baskets per acre.

"This year, 55,319 acres of green gram have been cultivated in Kanbalu Township during the monsoon crop season. The cultivated green gram fields are currently being harvested, and more than 2,000 acres have been harvested as of today. Farmers have been provided with extension services on expanding green gram cultivation and using quality and pure seeds to achieve better yields," said U Myo Myint, head of the Kanbalu Township Department of Agriculture.

This year, the Kanbalu Township Department of Agriculture has provided green gram farmers with extension services on obtaining quality and pure seeds suitable for local conditions, following proper cultivation methods, preventing pest infestations, using fertilizers systematically, and improving crop yields.

During this year's monsoon crop season, the department has also been working with farmers to provide the quality and pure seeds, agricultural inputs and post-harvest technologies necessary to improve the yield and quality of various pulse crops.

206

# ရုရှား UAC ကုမ္ပဏီက Su-57 ဘက်စုံသုံးတိုက်လေယာဉ်ကို ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်



ရုရှားနိုင်ငံ United Aircraft Corporation (UAC) ကုမ္ပဏီသည် စစ်ဆင်ရေးအတွေ့အကြုံများမှရရှိသည့် သင်ခန်းစာများကိုအခြေခံ၍ Su-57 ပဉ္စမမျိုးဆက် ဘက်စုံသုံးတိုက်လေယာဉ်ကို နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံခဲ့ပြီး ရုရှားနိုင်ငံ လေကြောင်းနှင့် အာကာသတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း TASS သတင်းဌာနက စက်တင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ်ပုံစံသစ်သည် ပြောင်းလဲလာသည့် စစ်မြေပြင်လိုအပ်ချက်များနှင့်အညီ Su-57 တိုက်လေယာဉ်၏ စစ်ဆင်ရေးဆောင်ရွက်နိုင်မှုကို ပိုမိုကျယ်ပြန့်စေရန်ဖြစ်သည်။

UAC ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ပုံစံသစ် Su-57 တိုက်လေယာဉ်များသည် စစ်ဆင်ရေးတာဝန်အမျိုးအစားများ ပိုမိုကျယ်ပြန့်စွာ ထမ်းဆောင်နိုင်ရန်နှင့် လေကြောင်းသုံး လက်နက်သစ်များ ထပ်မံပေါင်းစပ်အသုံးပြုနိုင်ရန်ဖြစ်သည်။ သို့သော် ယခုလွှဲပြောင်းပေးအပ်သည့် အသုတ်တွင် မည်သည့်စနစ်နှင့် မည်သည့် လက်နက်များကို အတိအကျထည့်သွင်း ပြင်ဆင်ထားသည်ဆိုသည့် အသေးစိတ် အချက်အလက်များကို UAC ကုမ္ပဏီက ဖော်ပြောထားခြင်း မရှိသေးသော်လည်း စစ်ဆင်ရေးအသုံးချမှုမှ ရရှိသည့်အတွေ့အကြုံများကိုအခြေခံ၍ ပြင်ဆင်ထားသည့် နည်းပညာပိုင်းဆိုင်ရာပုံစံသစ်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

လွှဲပြောင်းပေးအပ်ခဲ့သည့် Su-57 တိုက်လေယာဉ်များသည် စက်ရုံထုတ်လုပ်မှုအပြီး စမ်းသပ်မှုအဆင့်များကို ပြည့်စုံစွာဖြတ်သန်းခဲ့ပြီး ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ လေသူရဲများက ပျံသန်းမှုအခြေအနေအမျိုးမျိုးတွင် စမ်းသပ်စစ်ဆေးခဲ့ကာ သတ်မှတ်ထားသည့် လေတပ်စခန်းသို့ ပို့ဆောင်ခဲ့ကြသည်။ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် လေယာဉ်အုပ်တွင် Su-57 တိုက်လေယာဉ်အစင်းရေ မည်မျှပါဝင်သည်ကိုမူ UAC ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

UAC ကုမ္ပဏီက လက်ရှိထုတ်လုပ်နေသည့် Su-57 တိုက်လေယာဉ်များသည် ရုရှားနိုင်ငံ၏စစ်ဆင်ရေးများ အစောပိုင်းကာလတွင်ထုတ်လုပ်ခဲ့သည့် လေယာဉ်များနှင့် ကွာခြားမှုများရှိပြီး ထိုကာလအတွင်း Su-57 တိုက်လေယာဉ်၏နည်းပညာပုံစံမှာ သိသာစွာပြောင်းလဲတိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ယခုလေယာဉ်များသည် စမ်းသပ်ဆဲ ရှေ့ပြေးလေယာဉ်များမဟုတ်ဘဲ စက်ရုံထုတ်လုပ်ပြီး တပ်တော်ဝင်အသုံးပြုနိုင်သည့် လေယာဉ်များဖြစ်ကြောင်း စမ်းသပ်လက်ခံရေး လုပ်ငန်းစဉ်က ပြသနေကြောင်း သိရသည်။

ယခုလွှဲပြောင်းပေးအပ်မှုသည် Su-57 တိုက်လေယာဉ်ထုတ်လုပ်မှုတွင် နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံမှုများကို စဉ်ဆက်မပြတ် ပြုလုပ်လာသည့် လမ်းကြောင်းနှင့်လည်း ကိုက်ညီသည်။ ထိုသို့ဆက်လက် ထုတ်လုပ်နေစဉ်အတွင်း လိုအပ်သလို ပြင်ဆင်မွမ်းမံခြင်းသည် စစ်ဆင်ရေးမှရရှိသည့် အတွေ့အကြုံကို အင်ဂျင်နီယာပိုင်းဆိုင်ရာ ပြင်ဆင်မှု၊ စမ်းသပ်မှုနှင့် တပ်တော်ဝင်အသုံးပြုမှု အဆင့်များသို့ ပိုမိုလျင်မြန်စွာပြောင်းလဲပေးနိုင်သည့် နည်းလမ်းဖြစ်လာနိုင်သည်။

သို့သော် ရုရှား၏ လက်ရှိ Su-57 တိုက်လေယာဉ်အုပ်တွင် အဆိုပါပုံစံကွာခြားမှုများ မည်မျှအထိရှိနေသည်ကို လက်ရှိထုတ်ပြန်ထားသည့် အများပြည်သူဆိုင်ရာအချက်အလက်များဖြင့် အတိအကျသတ်မှတ်နိုင်ခြင်းမရှိသေးပေ။

လက်ရှိအခြေအနေအရ Su-57 တိုက်လေယာဉ်စီမံကိန်းသည် ပဉ္စမမျိုးဆက် တိုက်လေယာဉ်စွမ်းရည်ကို စတင်တည်ဆောက်သည့်အဆင့်မှ ထုတ်လုပ်မှုဆက်တိုက်လုပ်ဆောင်နေစဉ် နည်းပညာနှင့် လက်နက်စနစ်များကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နေသည့်အဆင့်သို့ ရောက်ရှိလာသည်။ ၎င်းလုပ်ငန်းစဉ်၏ အဓိကအချက်မှာ လေယာဉ်အရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ လက်နက်နှင့် လေယာဉ်ပေါ်ပါ စနစ်အသစ်များကို ပေါင်းစပ်အသုံးပြုနိုင်ခြင်း၊ တပ်တော်ဝင်အသုံးပြုမှုဆိုင်ရာစံနှုန်းများကို ထိန်းသိမ်းနိုင်ခြင်းနှင့် အဆင့်မြှင့်တင်ထားသည့် စွမ်းရည်များကို တပ်ဖွဲ့အဆင့်ထိ ဖြန့်ကြက်အသုံးပြုနိုင်ရေးတို့ဖြစ်ကြောင်း သိရသည်။

**Army Recognition, "Russia Advances Su-57 Program with a New Configuration Built Around Operational Lessons," 25 September 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

# တူကီယဲ ASELSAN ကုမ္ပဏီက KORKUT 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို လက်တွေ့စမ်းသပ်ပစ်ခတ်ခဲ့

တူကီယဲနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းကုမ္ပဏီ ASELSAN သည် ဒရုန်းများအပါအဝင် လေကြောင်းပစ်မှတ်များကို တန်ပြန်တိုက်ခိုက်နိုင်သည့် KORKUT 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကိုလက်တွေ့စမ်းသပ်ပစ်ခတ်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လက်တွေ့စမ်းသပ်ပြသမှုကို တူကီယဲနိုင်ငံအလယ်ပိုင်း Konya ပြည်နယ်ရှိ Karapinar စစ်ဘက်ပစ်ခတ်စမ်းသပ်ရေးကွင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီးနိုင်ငံ ၁၂ နိုင်ငံမှ ကာကွယ်ရေးနှင့်စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ စမ်းသပ်မှုများတွင် KORKUT 35 စနစ်က သတ်မှတ်ထားသော လေကြောင်းပစ်မှတ်များကို ရှာဖွေတွေ့ရှိခြင်း၊ လိုက်လံခြေရာခံခြင်းနှင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

ယနေ့ခေတ် စစ်ဆင်ရေးများတွင် ဒရုန်းများသည် ကုန်ကျစရိတ်နည်းပါးပြီး လျင်မြန်စွာအသုံးပြုနိုင်သည့် လေကြောင်းခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပိုမိုအရေးပါလာနေသည်။ အထူးသဖြင့် မိမိကိုယ်တိုင်ပစ်မှတ်အဖြစ်သတ်မှတ်ကာ တိုက်ခိုက်နိုင်သည့် Kamikaze ဒရုန်းများနှင့် အသေးစားဒရုန်းများသည် တပ်ဖွဲ့များ၊ အရေးကြီးသောအဆောက်အအုံများနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနေခြင်းကြောင့် ၎င်းဒရုန်းများကို ထိရောက်စွာ တန်ပြန်နိုင်သည့်စနစ်များကို နိုင်ငံအများအပြားက အလေးထားတီထွင်ထုတ်လုပ်လာကြသည်။

ထိုအခြေအနေအတွင်း KORKUT 35 လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်၏စမ်းသပ်မှုတွင် ဒရုန်းအမျိုးအစားအမျိုးမျိုးကို အဓိကပစ်မှတ်များအဖြစ်ထည့်သွင်းထားသည်။ စမ်းသပ်ပစ်ခတ်မှုများအတွင်း ပုံမှန်တောင်ပံတပ်ဒရုန်းများ၊ Delta-wing ပုံစံဒရုန်းများနှင့် အသေးစားမောင်းသူမဲ့လေယာဉ်များကို အသုံးပြုခဲ့ပြီး အထူးသဖြင့် ကာမီကာဇီ အသေခံတိုက်ခိုက်ရေးဒရုန်းများကို တန်ပြန်နိုင်စွမ်းကို အလေးထားပြသခဲ့သည်။

KORKUT 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ပစ်မှတ်ကိုရှာဖွေတွေ့ရှိပြီးနောက် ၎င်း၏လှုပ်ရှားမှုကို လိုက်လံခြေရာခံကာ သတ်မှတ်ထားသည့် အချိန်တွင် ပစ်ခတ်တိုက်ခိုက်နိုင်ရန် အလိုအလျောက် ထိန်းချုပ်စနစ်များကိုအသုံးပြုထားသည်။ လက်တွေ့စမ်းသပ်မှုတွင်လည်း စစ်ဆင်ရေးအခြေအနေများနှင့် ပုံစံတူအတိုင်းပစ်မှတ်ရှာဖွေခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ခြင်းစွမ်းရည်များကို ပြသခဲ့သည်ဟု ASELSAN ကုမ္ပဏီက ပြောကြားခဲ့သည်။

ထူးခြားချက်တစ်ရပ်မှာ KORKUT 35 လက်နက်စနစ်ကို ရှစ်ဘီးတပ်စစ်သုံးယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည်။ ထို့ကြောင့် စနစ်သည် နေရာတစ်ခု၌ရပ်တန့်ထားစဉ်သာမက ရွေ့လျားနေစဉ်တွင်လည်း ပစ်ခတ်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ထားသည်။ စမ်းသပ်မှု၏ အခြားအဆင့်တစ်ခု



တွင် KORKUT 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်နှင့် မြေပြင်ပစ်မှတ်နှစ်ခုစလုံး ရွေ့လျားနေချိန်၌ ပစ်ခတ်မှုကိုပြုလုပ်ခဲ့ပြီး ပစ်ခတ်တိကျမှုနှင့် ခဲယမ်းကျည်များ ပြန့်ကျဲမှုအခြေအနေကို လက်တွေ့ပြသခဲ့သည်။

ASELSAN ကုမ္ပဏီ၏ ဖော်ပြချက်အရ KORKUT 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ဒရုန်းများအပြင် တိုက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များနှင့် ရဟတ်ယာဉ်များကဲ့သို့သော လေကြောင်းပစ်မှတ်များကို တန်ပြန်ရန်အတွက်လည်း ရည်ရွယ်ထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ် တစ်ရပ်ဖြစ်သည်။ သို့သော် ယခုလက်တွေ့ပစ်ခတ်ပြသမှုတွင် အဓိကအားဖြင့် ဒရုန်းများနှင့် ရွေ့လျားနေသည့် မြေပြင်ပစ်မှတ်များကို ပစ်ခတ်ပြသခဲ့ခြင်းဖြစ်သည်။

ယခု KORKUT 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် လက်တွေ့စမ်းသပ်ပြသမှုသည် နိုင်ငံ ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များရှေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သဖြင့် တူကီယဲ၏ကာကွယ်ရေးနည်းပညာများကို နိုင်ငံတကာဈေးကွက်အတွင်း မိတ်ဆက်ပြသသည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်လာသည်။ အထူးသဖြင့် ကုန်ကျစရိတ်နည်းပါးသည့် ဒရုန်းများကို တန်ပြန်ရန် ကုန်ကျစရိတ်သင့်တင့်သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ လိုအပ်လာနေချိန်တွင် KORKUT 35 ကဲ့သို့သော မိုဘိုင်းလ်အမြောက်စနစ်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာနိုင်ကြောင်း စစ်မှုရေးရာ၊ နည်းပညာလေ့လာသူများအတွက် သတိပြုစရာဖြစ်လာခဲ့ကြောင်း သိရသည်။

**Turkish anti-drone guns put on show for 12 countries ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၃၇၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၃၇၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၅၂၅ ကေစိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၃၇၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ စပါးကေ ၃၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာတော့ ၂၉၃၇၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သဘာဝမြေသြဇာ ပြုလုပ်အသုံးပြုခြင်းများကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကကတစ်ငါး ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း ကကတစ်ငါးပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၄၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကကတစ်ငါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လို့ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ကကတစ်ငါးက တင်ပို့ရောင်းချတဲ့အခါ အကြမ်းခံတဲ့ငါးအမျိုးအစားထဲမှာ ပါပါတယ်။



အကြမ်းခံတဲ့ငါးအမျိုးအစားထဲမှာ ပါတော့ ပုပ်ပြီးပျက်စီးမှာ မစိုးရိမ်ရပါဘူး။ ကကတစ်ငါးအပါအဝင် အခြား ရေထွက်ကုန်တွေလဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်ကပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါးများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ နေရခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ရွာမနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဌမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ရွာမနားကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၄၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာမနားကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**






# ကျုံပျော်မြို့နယ် ထော်ဦးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ကျုံပျော် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထော်ဦးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဖြစ်သော အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထော်ဦးကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဖြစ်သော အသားတိုးဝက်မွေးမြူခြင်းလုပ်ငန်းကို အစုအဖွဲ့စနစ်ဖြင့် ပြည့်စုံကြွယ်အဖွဲ့၊ ပြည့်စုံချမ်းသာအဖွဲ့၊ ပြည့်စုံလျှံအဖွဲ့နှင့် ရွှေပြည်စိုးအဖွဲ့ လေးဖွဲ့တို့မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ထော်ဦးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြမည့် အသင်းသား၊ အသင်းသူများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ပြောပြ၍ သိရသည်။

**သံသာ**


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



ရန်ကုန် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီးကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ်(၁/၂၀၂၆)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs)ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသောရည်မှန်းချက်၊ လိုလားချက်များနှင့်စပ်လျဉ်းပြီး EAO များနှင့်အစုအဖွဲ့အလိုက်သော်လည်းကောင်း၊တစ်ဖွဲ့ချင်းအလိုက်သော်လည်းကောင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ပြည်သူလူထုကိုယ်စားပြုသည့် နိုင်ငံရေးပါတီများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးဖက်အဖြစ်မဟုတ်ဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်သူများအဖြစ် သတ်မှတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်လာအောင် အားလုံးကကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းကပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် သင့်လျော်မည့်လမ်းကြောင်းများဖြင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းကို သိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အရေးကြီးဆုံးဖြစ်သည့် ယုံကြည်မှုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA ၁၁ နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားနှင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ NCA -S EAO ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများတွင် တိကျသည့် သဘောတူညီချက်များချမှတ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆွေးနွေးမှုပုံစံ၊ဆွေးနွေးမည့်အကြောင်းအရာ၊ ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များဖော်ဆောင်နိုင်ရေး၊နိုင်ငံရေးဆွေးနွေးပွဲများ၌ အခြေခံမှုများရရှိရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထပ်မံပါဝင်လာစေရေး၊EAO များအခြေပြုရာဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပထမနေ့တွေ့ဆုံဆွေးနွေးပွဲကိုရပ်နားခဲ့ပြီး ဆွေးနွေးပွဲဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လွိုင်ကော်မြို့၌ ကယားတိုင်းရင်းသားတို့၏ ရိုးရာပွဲတော် အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော် ကျင်းပ



လွိုင်ကော် စက်တင်ဘာ ၂၉

ကယားတိုင်းရင်းသားတို့၏ရိုးရာပွဲတော်များအနက် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

အဆိုပါပွဲတော်သို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ဒေသကွပ်ကဲရေးမှူး၊ပြည်နယ်တရားသူကြီးချုပ်၊ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ဌာနဆိုင်ရာများ၊တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ပွဲတော်ကို ပြည်ထောင်စုဝန်ကြီးက မင်္ဂလာဖားစည်တီး၍ဖွင့်လှစ်ပေးပြီး ဒီးကူပွဲတော်သည် စိုက်ပျိုးပြီးသည့်ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းစေခြင်း၊ စည်းလုံးခြင်းနှင့်ဝေးကွာနေသည့် မိသားစုများ ပြန်လည်ဆုံစည်းသည့် ပွဲတော်ဖြစ်သည်ဟု သိရှိရကြောင်း၊ ကယားပြည်နယ်သည် သဘာဝတရားနှင့်ပြည့်စုံနေပြီး တိုင်းရင်းသားပြည်သူများ၏ ရိုးသားကြိုးစားမှု၊ မိသားစုစိတ်ဓာတ်ရှိမှု၊ ရိုးရာဓလေ့များ ထိန်းသိမ်းမှု၊ တစ်ဦးကိုတစ်ဦး သည်းခံခွင့်လွှတ်တတ်မှုစိတ်ဓာတ်များကြောင့် နှစ်လိုဖွယ်ရာပြည်နယ်တစ်ခုအဖြစ် ယနေ့ထိ ရပ်တည်နိုင်ခဲ့ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးရှိမှု၊ ညီညွတ်မှု၊ အချင်းချင်းအလေးထားမှု၊ ပေါင်းစည်းမှုတို့ ပေါင်းစုထားသည့် ကယားတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ၊ ရိုးရာအမွေအနှစ်များကို မျိုးဆက်သစ်များ ဂုဏ်ယူစရာအဖြစ် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပွဲတော်အတွက် ပံ့ပိုးငွေများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ကန္တာဟောဝန်ကျောက်သားရင်ပြင်ရှိ ရိုးရာစုပေါင်း အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော်မုခ်ဦးကို တက်ရောက်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်၊ကျေးရွာများမှ တိုင်းရင်းသားပြည်သူများနှင့်အတူ ကယားတိုင်းရင်းသားတို့၏ ဒီးကူကောက်ညှင်းထုပ်၊ ခေါင်ရည်၊ ကယားဝက်အူချောင်း၊ ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသောပွဲတော်မိတ်ဆုံစားပွဲသို့ တက်ရောက်ကာ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယနေ့ကျင်းပသည့်ပွဲတော်တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားပြည်သူ တစ်ထောင်ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၉-၂၀၂၆ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ (၁၆)ပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/MNDAA)တို့ တွေ့ဆုံဆွေးနွေးသတင်း ကော်လံ (၅) ပထမအပိုဒ် စာကြောင်းရေ ၁၄ တွင် **အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများတိုက်ဖျက်ရေး၊ တားဆီးနှိမ်နင်းရေးတို့အတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

# မြစ်ကြီးနားမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား စက်တင်ဘာ ၂၉

နယ်စပ်ဒေသများရှိတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်နယ်၊ပြည်မ အကြားအလပ်မရှိ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများတွင် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့မှုများကို ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က မြစ်ကြီးနားမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲကို မြစ်ကြီးနားမြို့ မနောရွှေပြည်ခန်းမ၌ ကျင်းပခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပြီး တိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။

ထို့ပြင် တက်ရောက်လာသူများ၏ အခက်အခဲတင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် "အနာဂတ်ကို ပုံဖော်ဖို့ ဒီကနေ့ပဲစကြပါစို့" ခေါင်းစဉ်ဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာ အောင်သူ(အား/ကာ)က မိဘမေတ္တာကို ဖော်ကျူးထားသည့်"စကားပြောသော အသည်းနှလုံး" အပါအဝင် "လဲလျှောင်ပြန်ထ၊ဘဝ"၊ "တန်ဖိုးထားရာ ကိုယ်ကျင့်သိက္ခာ"၊ "မျှော်လင့်ခြင်း ဖယောင်းတိုင်"စသည့် ဗဟုသုတပွားများစေသည့် ပုံပြင်များ၊ အတွေ့အကြုံများ၊ စိတ်ဝင်စားဖွယ်ရာများ၊ ဗဟုသုတများ ပေါင်းစည်းထားသည့် "အနာဂတ်ကို ပုံဖော်ဖို့ ဒီကနေ့ပဲစကြပါစို့"ခေါင်းစဉ်ဖြင့် လူငယ်များအားအင်တိုး၍ အသိပညာများတိုးပွားလာစေရန် ဟောပြောသည်။

ယင်းနောက် နေပြည်တော်လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိများ ကျောင်းသား၊ကျောင်းသူများကို မေးမြန်း၍ မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါဟောပြောပွဲတွင် လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) ခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် ဗဟုသုတစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းကလက်ခံရယူသည်။

ထို့နောက် လူငယ်ရေးရာအသိပညာများ ဟောပြောပေးသည့် စာရေးဆရာအောင်သူ(အား/ကာ)အား ဂုဏ်ပြုလက်ဆောင်ပေးပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသမီးအားကစားကော်မတီနာယကနှင့် အဖွဲ့များ၊ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၂၉

လက်ရှိဖြစ်ပေါ်နေသည့် ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများထိ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများစုပေါင်း၍ လူအင်အားနှင့် စက်ယန္တရားများအသုံးပြုကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပုသိမ်မြို့ မင်းကြီးလမ်းရှိ ဈေးချောင်းချောင်း၊ ဝေနကျွန်းသာရပ်ကွက် အလယ်လမ်းရေမြောင်း၊ အမှတ်(၃)ရပ်ကွက် ရွှေရုပ်တုအနီးလမ်းဘေးဝဲယာရေမြောင်း၊ အမှတ်(၂) ရပ်ကွက် တလိုင်းချောင်းချောင်း၊ အမှတ်(၆) ရပ်ကွက်၊ နှစ်ထောင်တန်နှင့် အောင်ချမ်းသာလမ်းမကြီးပင်မရေမြောင်းနှင့် ကျောက်ငူချောင်းတို့၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားများနှင့်လိုအပ်သည့်ပစ္စည်းများကို ကြိုတင်စုစည်းထားရှိရန်၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းနှင့် ရေထုတ်မြောင်းများကို စဉ်ဆက်မပြတ်ရှင်းလင်းဆောင်ရွက်ရန်၊ မိုးလေဝသအခြေအနေနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်အခြေအနေကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်၍ သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ပုသိမ်ကမ်းနားလမ်း ကျောက်ငူပုသိမ်ထီးအနီး အောက်ခြေရေထဲပိုင်းကာကွယ်ရေးလုပ်ငန်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပုသိမ်မြို့နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ပုသိမ်မြို့ ကမ်းနားလမ်း ကျောက်ငူပုသိမ်ထီးအနီး တိုးချဲ့ဆိပ်ခံတံတား(Jetty) တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေး၍ Grade-12 အောင်ချက်မြင့်မားရန် အားလုံးပူးပေါင်း၍ ဆောင်ရွက်ရန်ရှိသည်များကို အင်တိုက်အားတိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေရှိသည့် မြစ်ကမ်းဘေး၊ ချောင်းဘေးရှိကျောင်းများစာရင်းကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းကာ အချိန်မီကောက်ယူ၍ ကြိုတင်ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**☆ ကျောဖုံးမှအဆက်**

၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ကျန်းမာရွှင်လန်းစွာ စုံစုံညီညီတက်ရောက်လာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခု တတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာမည့် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းဆိုင်ရာရငွေသုံးငွေများ၊ ဖြည့်စွက်ခွင့်ပြုငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆွေးနွေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒုတိယပုံမှန် အစည်းအဝေးကာလတွင် ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို စိစစ်ရမည့်ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများအလိုက် ကြိုတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ရက်များအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းများကို ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်သည် အလွန်ကြီးမားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် မိမိတို့ကိုယ်တိုင်က ဥပဒေပညာရှင်များ၊ ဥပဒေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ မဟုတ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သေသေချာချာလေ့လာ သိရှိထားရန်လိုပါကြောင်း။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ် ကာလတွင် အချို့သောတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး အဆိုပါဒေသများသို့ နိုင်ငံတော် အစိုးရနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အလှူရှင်များအချင်းချင်း ပူးပေါင်းပါဝင်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

ပြည်သူအားလုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေး ကာလများထက် ယခုပုံမှန်အစည်းအဝေးတွင် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် မိမိတို့ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာမှန်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင် သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၅/၂၀၂၆ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၂၆ ခုနှစ် ဩဂုတ် ၂၄ ရက် တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမှတ် ၅/၂၀၂၆ ဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

ယဉ်ကျေးမှုသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အတွက် အရေးပါသည့်အသက်သွေးကြောဖြစ်ပါကြောင်း၊ အမွေအနှစ်များ၏ ဆွဲဆောင်မှု၊ ထူးခြားမှု၊ ဝင်ငွေနှင့်ရေရှည် တည်တံ့မှုကို ဖန်တီးပေးပါကြောင်း၊ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းပြီး ဟိုတယ် လုပ်ငန်းနှင့် ဟန်ချက်ညီစွာပေါင်းစပ်နိုင်မှသာ ရေရှည်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုသည် နိုင်ငံအတွက်အရေးကြီးပြီး အမျိုးသားရေးစရိုက်လက္ခဏာကို ဖော်ဆောင်ပေးခြင်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် အခြေခံအရင်းအမြစ်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဌာနနှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ယဉ်ကျေးမှုက ဟိုတယ်နှင့်ခရီးသွားထက် ပိုမိုဖွဲ့စည်းပုံကြီးမားပါကြောင်း၊ လတ်တလောဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်လိုခြင်းသည်လည်း မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ယဉ်ကျေးမှုကိုရှေ့တန်းတင်ဂုဏ်ပြု၍ အချိန်မီဆောင်ရွက်လိုသည့်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရပ်နားထားချိန်တွင် နိုင်ငံတော်အတွက် အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာလိုအပ်ချက်အရ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်၍ ဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်ခဲ့မှုအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၆/၂၀၂၆ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃)နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေအား စစ်ဘက်မူလတာဝန်များကို ပြန်လည်ထမ်းဆောင်စေပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအင်အားစုများစွာကို စုစည်းထားပြီး အဓိကအားဖြင့် လူမှုလုံခြုံရေး၊ ရာဇဝတ်မှုကာကွယ်တားဆီးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ လမ်းစည်းကမ်းစီမံခန့်ခွဲမှုတို့ကို တာဝန်ယူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရေးရာ ရာဇဝတ်မှုများ၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းထောင်စီမံခန့်ခွဲမှုတာဝန်ယူသည့် အကျဉ်းဦးစီးဌာန၊ မီးဘေးကာကွယ်ရေး၊ တားဆီးရေးနှင့် ကယ်ဆယ်ရေးတို့ကိုတာဝန်ယူသည့် မီးသတ်ဦးစီးဌာန၊ အဓိကအားဖြင့် ရပ်ကျေးအဆင့်မှ ပြည်ထောင်စုအဆင့်ထိ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူအေးချမ်းသာယာရေးအတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ ထိုသို့သောအကြောင်းအချက်များအရ ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူအေးချမ်းသာယာရေး ဆိုင်ရာလုပ်ငန်းကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် လတ်တလောလိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးရပ်နားထားချိန်တွင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်၍ ခန့်အပ်တာဝန်ပေးမှုအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်းအဆိုကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည် ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကို ပူးတွဲတင်ပြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုဝန်ကြီးအဖြစ်ခန့်အပ်လိုကြောင်း တင်ပြထားသည့် ပုဂ္ဂိုလ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီနောက်ဆုံးထားပြီး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြလာသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါကခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်း အဆိုကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါသတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်လိုကြောင်း အဆိုပြုတင်ပြထားသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေထင်ရှားပြကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas) အပေါ်အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေစေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစသည့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများကို လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ချိန်ဆ၍ ခွဲဝေသုံးစွဲလျက်ရှိပြီး အခွန်ဘဏ္ဍာငွေတိုးတက်ကောက်ခံရရှိရေးကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းတို့အပေါ် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေအရ အထူးကုန်စည်ခွန်ငါးရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းတို့ ကျသင့်မည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြည်လည်ရောင်းချခြင်း အပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကျသင့်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှု အခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်းအခြေအနေနှင့် အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများ အပေါ် လစဉ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို စက်တင်ဘာလအတွက် တစ်လထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွက် အခွန်ကင်းလွတ်ခွင့်ပြုရာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူထံသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုစက်တင်ဘာလအတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ်ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုမည် ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက် တွင်ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန် ကြေညာခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ရခြင်းမှာ အဆိုပါကာလသည် လွှတ်တော်အစည်းအဝေး ရပ်နားထားသည့် ကာလဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ပြုသည့် ကိစ္စသည်လည်း အခွန်ထမ်းပြည်သူများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ သိရှိလိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

သို့ပါ၍ ဒီဇယ်ဆီ (HSD 500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လထပ်မံခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရအစား ဗိုလ်မှူးကြီးစိုးရန်နောင်အား ခန့်အပ်တာဝန်ပေးခြင်းကိုလွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင် ခေါ် ဦးနော်တောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ်မြောက် လွှတ်တော်ဥက္ကဋ္ဌများညီလာခံသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်ထိ သွားရောက်ခဲ့သည့် ခရီးစဉ်၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက်ထိ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီအတွင်းရေးမှူး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သီဟ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် အာဆီယံလွှတ်တော်များဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၇ ရက်ထိ သွားရောက်ခဲ့သည့်ခရီးစဉ်တို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း အစား ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို အစား ဗိုလ်မှူးချုပ်ခင်မောင်စိုးကိုလည်းကောင်း၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး အစား ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံတိုက်ရိုက်ကြည့်ရန်

---

**ရှေ့ဖုံးမှအဆက်**

တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်ပြီး အစိုးရတစ်ရပ်လုံးအတိုင်းအတာဖြင့် Digital Government သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များ အောင်မြင်စေရန် အစိုးရကဏ္ဍတစ်ခုတည်းက ဆောင်ရွက်ရုံသာမက ပုဂ္ဂလိကကဏ္ဍ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းပါဝင်သည့် Public-Private Partnership (PPP) မူဘောင်များဖော်ဆောင်ရေး၊ Single Window နှင့် One-Stop Digital Services Platform များဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး၊ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားအဆင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၃၀ နှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့နှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် e-Government မှသည် Digital Government တစ်ရပ် တည်ဆောက်ရေးအတွက် ဌာနများ၊ အဖွဲ့အစည်းများအားလုံး စနစ်တကျ ဟန်ချက်ညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌက e-Government အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူးက e-Government အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ကော်မတီ အဖွဲ့ဝင်များက e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

---

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲ၊နွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့် ဖြေလျှော့ပေးရေး၊ စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများ ဆောင်ရွက်ပေးရေး၊ မြေဌားဂရန်ထုတ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးရေးနှင့် တံတားအဆင့်မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးစိုးလှ၏ **ကျိုက်ထီးရိုးစေတီတော်တည်ရှိရာဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့်အခြေအနေကို ဖြေလျှော့ပေးရန် သို့မဟုတ် ၎င်းတို့အလွယ်တကူဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခုထက်ပို၍ အလွယ်တကူလွတ်လပ်စွာဝင်ရောက်နိုင်ရန်အတွက် Online မှတစ်ဆင့် လျင်မြန်စွာခွင့်ပြုချက်ရယူနိုင်သည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များဝင်ရောက်မှု၊ တည်းခိုမှုနှင့် သွားလာမှုများကို သက်ဆိုင်ရာဌာနများက စနစ်တကျမှတ်တမ်းထားရှိခြင်း၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးလာရောက်လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ပွင့်လင်းရာသီကာလ ဘုရားဖူးဧည့်သည်များ အများဆုံးလာရောက်သည့်အချိန်အခါများ၌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရတို့က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခရီးသွားလာခွင့်ဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စွာဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ လုံခြုံရေးကို အလေးထားဆောင်ရွက်နိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ခရီးလှည့်လည်ရေးကုမ္ပဏီများ၏အစီအစဉ်ဖြင့် ဝင်ရောက်သည့် ခရီးစဉ်(Package Tour)များအတွက် ခရီးစဉ်ကြိုတင်ခွင့်ပြုမိန့်ရရှိစေရေးအတွက် ၁၄ ရက်ကြိုတင်၍ တင်ပြရမည့်အစား ရုံးပိတ်ရက်မပါ ၁၀ ရက်ကြိုတင်၍တင်ပြရန် ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေစွာလည်ပတ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀၊ ၁၁၊ ၁၄)တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မလှိုင်မြို့သည် ရပ်ကွက်ကြီးလေးခုနှင့် ထန်းတောရပ်ကွက် တိုးချဲ့ကွက်သစ်ဟူ၍ ခြောက်ရပ်ကွက်ရှိပြီး စည်ပင်သာယာက မြို့ရေပေးဝေနိုင်မှုမှာ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်တို့သို့ ပေးဝေလျက်ရှိပြီး ယခုတင်ပြသည့် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ (၁၄)တို့သည် အမြင့်ပိုင်းတွင် တည်ရှိသောကြောင့် လက်ရှိရေမပေးဝေနိုင်ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄)တို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန် ၆" စက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ယခုလက်ရှိ ဒေသပေါက်ဈေးနှုန်းဖြင့်တွက်ချက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၂၉၈ ဒသမ ၆ သန်းကုန်ကျမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံ၍ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **ရန်ကုန်မြို့အတွင်းရှိ ဘတ်စကားမှတ်တိုင်များနှင့် ရှေ့နောက်ကြော်ငြာဆိုင်းဘုတ် လုပ်ပိုင်ခွင့်စာချုပ်ကို မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘတ်စကားမှတ်တိုင်တည်ဆောက်ခြင်း ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်းကို FML Decaux Co.,Ltd တစ်ခုတည်းကိုသာ လုပ်ကိုင်ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ဘတ်စကားမှတ်တိုင်တည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများကိုလည်း စာချုပ်ပါသတ်မှတ်ချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး FML Decaux Co.,Ltd အနေဖြင့်လည်း တစ်စုံတစ်ရာဖောက်ဖျက်ကျူးလွန်ခြင်းမရှိပါ၍ ၎င်းကုမ္ပဏီကို အရေးယူဆောင်ရွက်သွားရန် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အအုံများ ဆောက်လုပ်ရောင်းချခြင်းနှင့် ဂရန်မြေကွက်များ ရောင်းချခြင်းသည် မည်သည့်ဌာနက ခွင့်ပြုထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ 9-Avenue Villa ကို I Green Construction Co., Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်လည်း မြေကွက်ခွဲစိတ်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမရှိပါကြောင်း။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ Palm Hill Villa ကို I Green Construction Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြေကွက် ၂ ဒသမ ၉၂၈ ဧကတွင် အဆောက်အအုံ ရှစ်လုံးတင်ပြထားသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရာမြေကွက်ခွဲစိတ်ပြီး မြေကွက်တစ်ကွက်ချင်းစီအလိုက် တင်ပြလာမှသာ ဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း အမှုတွဲပိတ်သိမ်းခွင့်တွင် ထည့်သွင်းအကြောင်းကြားထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်ရှိ OASIS Villa ကို I Green Construction Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုခ်ဦးနှင့် အကာအရံများသာ ဆောင်ရွက်ထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက်ရှိ Royal Taw Win Villa မြေပြင်စစ်ဆေးချက်အရ Royal Ponnami Residences ကို Max Co.,Ltd နှင့် ရွှေတောင်ကုမ္ပဏီလီမိတက်တို့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးကာရံခွင့်တင်ပြထားခြင်းနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အဆိုပါအိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)တို့က စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်ကို ထုတ်ပေးထားခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **ဟသ်ာတမြို့ ရုံးကြီးရပ်ကွက်ကြက်ခြေနီအသင်းရုံးနှင့် မိခင်နှင့်ကလေးအသင်းရုံးတို့၏ ရုံးမြေနေရာကို စည်ပင်သာယာဦးစီးဌာနက စွန့်လွှတ်ပေး၍ မြေဌားဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့ ဆောက်လုပ်ထားသောမြေနေရာသည် ဟသ်ာတမြို့ ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းနှင့် ဗိုလ်စောမောင်လမ်းကြားရှိ အကွက်အမှတ်(၃၂) အကွက်အမည် ရုံးကြီးရပ်ဦးပိုင်အမှတ်(၇) ဧရိယာ ၁ ဒသမ ၀၇ ဧကရှိ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းအရ 1(A) မြူနီစပါယ်အမည်ပေါက်မြေပေါ်တွင် တည်ရှိပြီး မြို့နယ်ကြက်ခြေနီအသင်းရုံးမှာ အကျယ်အဝန်း အလျား ပေ ၅၀၊ အနံ ၂၆ ပေ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမှာ အကျယ်အဝန်း အလျား ၁၀၁ ပေ၊ အနံ ၄၄ ပေရှိပါကြောင်း။

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါမြေနေရာကို မြို့၏အဓိကကျသော Down Town Area တွင်ရှိသဖြင့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အများပြည်သူ ကိုယ်လက်လှုပ်ရှားအပန်းဖြေရန်နေရာအဖြစ် ဘဏ္ဍာနှစ်အလိုက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြူနီစပါယ်အမည်ပေါက်မြေနေရာပေါ်တွင် တည်ဆောက်ထားသော မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး မြေနေရာများနှင့် ခြံဝင်းတို့ကို လတ်တလောစွန့်လွှတ်မည့်အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆက်လက်အသုံးပြုရန် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ်အတွင်းရှိ မျဉ်းကြောင်းတောင်အဆင်းမှ တပွင်ရွာထိလမ်း၌ ဖူးဝမှ ကျောက်ချောလမ်းကို ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ကျန်ဂဝံလမ်းကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စေတုတ္တရာမြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်းမှ ခွဲထွက်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မျဉ်းကြောင်းတောင်(ဥမ္မာကုန်း)အဆင်းမှ တပွင်ရွာထိလမ်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ အလယ်ဟန်ဒေါက်-ဖူးလမ်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏အခြေအနေမှာ ကျောက်လမ်း ၆ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၉ မိုင် ၄ ဖာလုံဖြစ်ပြီး စုစုပေါင်း ၁၆ မိုင် ၁ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုများသော လမ်းအရှည် ၁ မိုင် ၄ ဖာလုံကို ကျောက်လမ်းပြုပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသော အမာခံလမ်းများကို ကျောက်လမ်းခင်းခြင်းလုပ်ငန်းအားလုံးဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကို အကျိုးတူလုပ်ကိုင်ရန် အငှားမြေများချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် ဈေးရောင်းချနေသူများကို စနစ်တကျရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်၊ မန္တလေး၊

**စာမျက်နှာ ၂၂ သို့**



# ၁၂ ကြိမ်မြောက် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိ ကျင်းပသည့် ၁၂ ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖိုရမ် (XII Saint Petersburg International United Cultures Forum) သို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကတ်သရင်းနန်းတော်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထို့အတူ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်း ဖိုရမ်တွင် မြန်မာနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀ က တွေ့ရှိခဲ့သည့် ပရိုင်းမိတ်များကို ယဉ်ကျေးမှုအမွေအနှစ် ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ အနာဂတ်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှု အမွေအနှစ်သည် အဓိကအခန်းကဏ္ဍ တစ်ရပ်အဖြစ်ပါဝင်မှုတို့ကို တက်ရောက်ဆွေးနွေးသည်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံ သမ္မတ ဗလာဒီမာပူတင် တက်ရောက် အမှာစကားပြောကြားသည့် အခမ်းအနားသို့ ဖိတ်ကြားထားသည့် နိုင်ငံများမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့်အတူ ပါဝင်တက်ရောက်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားသတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခဲ့သည်။

စက်တင်ဘာ ၂၆ နံနက်ပိုင်းတွင် ဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ ဂုဏ်ပြုဆုပေးအပ်ပွဲသို့ တက်ရောက်သည်။

ထို့ပြင် ရုရှားသတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခြင်း၊ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်များတွင်လည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၂၀ မှအဆက်**

နေပြည်တော်အပါအဝင် မြို့ကြီးများတွင်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများနှင့် အိမ်ငှားရမ်းနေထိုင်လိုသူ ပြည်သူများအတွက် အိမ်ငှားခသက်သာသော ပြည်သူ့အငှားအိမ်ရာစီမံကိန်းများနှင့် တန်ဖိုးနည်း၊ တန်ဖိုးမျှတ အရောင်းအိမ်ရာများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း တည်ဆောက်၍ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြို့ကြီးများ၌ အလုပ်အကိုင်အခွင့်အလမ်းအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးထားသော စက်မှုဇုန်စုစုပေါင်းဧရိယာဧက ၁၂၀၀၀ ကျော်ရှိသည့်အပြင် ညောင်နှစ်ပင်စိုက်ပျိုး၊ မွေးမြူရေးဇုန် ဧရိယာ ၁၀၀၆၂ ဧက၊ တွံတေး၊ ကော့မှူး၊ တိုက်ကြီး မွေးမြူရေးဇုန်ဧရိယာ ၃၈၂၂ ဧကနှင့် သီလဝါစိုက်ပျိုး၊ မွေးမြူရေးဇုန်၊ ရွှေမယင်းငါးမွေးမြူရေးကန်တို့ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ကျေးလက်နှင့် နယ်မြို့များတွင် နေစရာနှင့် အလုပ်အကိုင်အတွက် အငှားမြေယာများ ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ရန်အတွက် မြေယာလိုအပ်သူများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေအသုံးပြုခွင့်တင်ပြတောင်းခံဆောင်ရွက်နိုင်ပါကြောင်း။

မြို့ကြီးများ၏ ကားလမ်းမပေါ်တွင် ကြုံသလိုဈေးရောင်းချနေသူများ၏ စားဝတ်နေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စည်ပင်သာယာရေးအဖွဲ့များက သတ်မှတ်နေရာများတွင် ဈေးရုံများ၊ အခွန်လွတ်ဈေးများ၊ ရပ်ကွက်ဈေးများ တည်ဆောက်၍ ယင်းနေရာများတွင် ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း စည်းကမ်းမဲ့ ကျူးကျော်ရောင်းချခြင်းများကို စည်ပင်သာယာရေး ဥပဒေများနှင့်အညီ ပညာပေးခြင်း၊ ရှင်းလင်းဖယ်ရှားခြင်းဖြင့် စနစ်ကျ၍ သန့်ရှင်းသပ်ရပ်သည့် မြို့များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **ညောင်ကုန်းချောင်းဖျား၊ သရက်ကုန်းကျေးရွာအုပ်စုချင်းဆက်လမ်းကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ထည့်သွင်းလျာထား၍ ပျက်စီးနေသောလမ်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းလမ်းသည် အိမ်မဲ-ဒါးကလမ်းပေါ်ရှိ ချောင်းဖျားကျေးရွာမှစတင်၍ သရက်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော စုစုပေါင်းအရှည် ၁၂ မိုင် ၅ ဖာလုံ ရှိသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၃ မိုင် ၅ ဖာလုံနှင့် ကျောက်ခင်းလမ်း ကိုးမိုင်ဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၂ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ပထမအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော ကျောက်ခင်းလမ်းအရှည် လေးဖာလုံကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ကျောက်ခင်းလမ်းအသစ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **တီးတိန်မြို့နယ် မဏိပူရ်မြစ်ကူး ဒါတ်တားတံတားကို အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ချင်းပြည်နယ် တီးတိန်ခရိုင် တီးတိန်မြို့နယ်ရှိ မဏိပူရ်မြစ်ကူးဒါတ်တားတံတားသည် ချင်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသော ပတ်ဇန်-ဟေလေးလမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၃၅၀ ရှိသော တံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်းရန်ပုံငွေဖြင့် သံဘောင်ကြိုးတံတား အလျားပေ ၃၅၀ နှင့် အကျယ် ၁၄ ပေ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၎င်းဦးစီးဌာနက ပြည်နယ်ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သောတံတားဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ၎င်းတံတားကို ခံနိုင်ဝန်တန် ၆၀ ထိ အဆင့်မြှင့်တင် တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ယာဉ်သွားလာမှုလိုအပ်ချက်ရှိသည့်ကာလမှသာ အဆိုပါတံတားကို ခံနိုင်ဝန်တန် ၆၀ ထိ အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး-ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး-ကညွတ်ကုန်းလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပျက်စီးနေသော လမ်းအရှည် သုံးဖာလုံကို ချောင်းကျောက်ဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော လမ်းအရှည် ငါးဖာလုံကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ကျန်ရှိသော လမ်းပိုင်းများကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"မြန်မာမှုရိုးရာ စားစရာ "ထမနဲ"ကိုလည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ "လွန်းရာကျော် ကြိုးကြီးအချိတ်လုပ်ငန်း"ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း** အဆိုကို တင်သွင်းရာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | |
|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ Myawady Webportal | (https://myawady.net.mm) |
| ၅။ Myanmar National Portal | (https://myanmar.gov.mm) |

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေကျဆင်းသွား၍ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃ဝရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၆ ပေ ၉ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၁၁ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၃ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၇ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၃ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြိုး)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း မှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရွှေးစုမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။





လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ကတော့ တပ်ကုန်းမြို့နယ် အထကခွဲ ရွှေးစုကျောင်းက ဒီစစ်သမိုင်းပြတိုက်ကို လေ့လာရေးလာခဲ့တာပါရှင်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို ကျွန်မတို့ လေ့လာတဲ့အခါကျတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကြည်းတပ်၊ရေတပ်၊ လေတပ် အကြောင်းတွေ နောက်တစ်ခါ ကျွန်မတို့ မသိသေးတဲ့ အချက်အလက်တွေလဲ ကျွန်မတို့သိခွင့်ရရှိခဲ့ပါတယ်ရှင့်။ ကျွန်မတို့ ဒီကိုလေ့လာရေးလာခဲ့တဲ့အခါမှာ ကျွန်မတို့ကို အစစအရာရာ ဝိုင်းဝန်းကူညီ ပံ့ပိုးကြတဲ့ ဌာနဆိုင်ရာအကြီးအကဲတွေ နောက်တစ်ခါ ဝန်ထမ်းတွေ၊ တာဝန်ရှိသူတွေအားလုံးကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်ရှင်"ဟုပြောသည်။

"အခု စစ်သမိုင်းပြတိုက်ကို သမီးတို့အနေနဲ့ ကြည်းတပ်ကို လေ့လာပြီးပြီဖြစ်ပါတယ်။ ကြည်းတပ်မှာဆိုရင် မြန်မာ့လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းခဲ့တဲ့ ဆောင်ရွက်ချက်တွေရယ် သူတို့အသုံးပြုခဲ့တဲ့ ပစ္စည်းတွေရယ် ပြီးတော့ ရှေးအစဉ်အဆက်ကနေ အခုသမီးတို့ မြန်မာနိုင်ငံအတွက် ကြိုးပမ်းခဲ့ကြတဲ့သူတွေရဲ့ လုပ်ဆောင်ချက်တွေကိုလဲ သိရှိခဲ့ရတယ်။ သူတို့ရဲ့ အသုံးပြုခဲ့တဲ့ စစ်လက်နက်တွေကိုလဲ တွေ့ရှိခဲ့ရတယ်။ အခုလို စစ်သမိုင်းပြတိုက်ကို လေ့လာဖို့အတွက် ပို့ဆောင်ပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေ၊ နိုင်ငံတော်အစိုးရကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ပြောသည်။ (ဖြိုး)

## ၂၉-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၁၄၅,၆၇၄.၇၈ | ၁၁,၇၆၃,၄၆ဝ.၃၄ | ၈,၈၉၃,၁၈၉.၅၇ | - |

## ထူးခြားသည့် နေ့အပူချိန်များ (၂၉- ၉ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြစ်ကြီးနား | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကသာ | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၆ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကန့်ဘလူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

# လှည်းကူးမြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ချမ်းမြေ့ဂုဏ်ဝေဝိပဿနာရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၂ ပါး၊ ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ခရမ်းမြို့နယ် ကန်ညီနောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ သာသနဝ္ဟိတကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် နှစ်ပါး၊ ဒေသခံပြည်သူ ဦးရေ ၁၁၀ တို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**◆ ဂုဏ်ပြုကြိုဆိုမှု**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား”

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “**ပြည်သူ့ကြားက ပြည်သူ့စကား**” အစီအစဉ်မှ **“အောက်တန်းကျရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၃၀-၉-၂၀၂၆ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံတွင်း ပညာတတ် လူငယ်ပေါ်ထွန်းလာမှုကိုမလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည် ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

“ The Age of Longevity: Rethinking Systems for Longer Lives”

၁.၁၀.၂၀၂၆ နေပြည်တော်

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၉**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊လေ့လာသူ ၄၉ ဦး စုစုပေါင်း ၁၂၂ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ဦးဌေးအောင်အား ခန့်အပ်ကြောင်း လွှတ်တော်သို့ကြေညာပြီး လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကိုရပ်နားပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

**✱ ချန်ပီယံဆုဆွတ်ခူးမှု**

ဒုတိယအကျော့တွင် စုစုပေါင်းရိုက်ချက်ထက် ၆၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက်ရှစ်ချက်လျော့၊ တတိယအကျော့အဖြစ် စက်တင်ဘာ ၂၈ ရက်တွင် စုစုပေါင်းရိုက်ချက် ၆၆ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်နိုင်ခဲ့ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက် ၁၉၂ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်ထိ လျော့ရိုက်နိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် နီရှီမူယာသည် ပထမအကျော့မှစတင်ပြီး တတိယအကျော့ထိ ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ပထမဆုံးအကြိမ်အဖြစ် LPGA Tour အဆင့်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် နီရှီမူယာ၏ နောက်တွင် ဂျပန်ဂေါက်သီးရိုက်မယ် အကီအိုင်ဝီ၊ ထိုင်းဂေါက်သီးရိုက်မယ် ဝမ်နာဆန်၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် အင်ဂီချွန်းတို့က စုစုပေါင်းရိုက်ချက် ၁၉၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြကြောင်း သိရသည်။ STA

# အငှမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပပြီးစီး




**နေပြည်တော် စက်တင်ဘာ ၂၉**

အငှမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ MGallery Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဦးဆောင်၍ ဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် မစ္စတာကျောက်ကျွင့်မင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဖိုရမ်ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့ကြား ဆက်ဆံရေးသည် တရုတ်-မြန်မာ နှစ်နိုင်ငံ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေး၏ ရှေ့တန်းအခြေခံအုတ်မြစ် (Frontline Foundation of broader China-Myanmar ''Pauk-Phaw'' Friendship)ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၂၀၀၀ ခန့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုစုစုပေါင်း၏ ထက်ဝက်ကျော်ကို လွှမ်းမိုးထားကာ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အငှမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှတစ်ဆင့် အပြန်အလှန်အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် ယူနန်ဖိုရမ်ယန္တရားအောက်မှ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့လိုက်ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ မြန်မာဘက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့(၁)ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့ (၂)ကိုလည်းကောင်း ဦးဆောင်သူများအဖြစ် ဆွေးနွေးခဲ့ကြပြီး တရုတ်ဘက်မှ ယူနန်ပြည်နယ် ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်ပါတီကော်မတီ ပြန်ကြားရေးဌာနမှ ကိုယ်စားလှယ်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအဖွဲ့လိုက်ဆွေးနွေးမှုများတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အပြန်အလှန်ချိတ်ဆက်မှုများ မြှင့်တင်ရေး၊ ယူနန်ပြည်နယ်နှင့် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲရေး၊ စက်မှုနှင့် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးညီအစ်မမြို့များကြား အနှစ်သာရပြည့်ဝသည့် အပြန်အလှန်လည်ပတ်မှုနှင့် ဖလှယ်ရေးအစီအစဉ်များကို တိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

အဖွဲ့လိုက်ဆွေးနွေးမှုများ အပြီးတွင် မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ခေါင်းဆောင် နှစ်ဦးက ဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်တင်ပြပြီး မြန်မာဘက်မှကိုယ်စားလှယ်ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ဘက်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်တို့သည် ဖိုရမ်ဆိုင်ရာအစည်းအဝေးမှတ်တမ်း (Agreed Minutes) ကို နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးက တရုတ်(ယူနန်) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာကျောက်ကျွင့်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၀၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့တွင် အလှည့်ကျကျင်းပလာခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တို့ကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့် ဒေသတွင်းချိတ်ဆက်မှု ပိုမိုနက်ရှိုင်းစေရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာပေါင်းစည်းမှု မြှင့်တင်ရေးတို့အပြင် ပူးပေါင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းနိုင်ရန် ကျင်းပလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ❑ ပြန်လည်ခေါ်ဆောင်မှု

မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး(ကြည်း၊ ရေ၊ လေ)တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီး စစ်ရေယာဉ်များသည် ယနေ့ ညပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❍ တနင်္သာရီတိုင်းဒေသကြီးမှ

ရေကျော်ခြင်းများ ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိ ရေဘေးသင့်ပြည်သူများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့် သရက်ချောင်းမြို့နယ်၊ ထားဝယ်မြို့နယ်၊ ပလောက်မြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတို့တွင်လည်း ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေပြန်လည်ကျဆင်းသွားသည့် နေရာများတွင် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကူညီရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ● ကုန်းတွင်းမုန်တိုင်းငယ်မှ

မြောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ၊ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါကုန်းတွင်း မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက် ၁၅ မိုင်ခန့်၊ ပေါက်မြို့၏ အရှေ့ တောင်ဘက် မိုင် ၂၀ ခန့်၊ မုံရွာမြို့၏ တောင်-အနောက်တောင်ဘက်မိုင် ၇၀ ခန့် အကွာကို ဗဟိုပြုနေသည်။

ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းတွင်းမုန်တိုင်းငယ် ဖြတ်သန်းရာဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# ကင်ညာနိုင်ငံတွင် မိုးခေါင်မှုများဖြစ်ပေါ်နေသဖြင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးဆောင်ရွက်ရန် စီစဉ်



**နိုင်ရိုဘီ စက်တင်ဘာ ၂၉**

ကင်ညာနိုင်ငံတွင် အယ်နီညို ရာသီဥတု ရိုက်ခတ်မှုကြောင့် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရေး စီမံချက်များဖြင့် ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း ကင်ညာနိုင်ငံ ပြည်သူ့ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ စံချိန်စံညွှန်းများဌာန အမြဲတမ်းအတွင်းဝန် မူတိုနီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုများ ဖြစ်နေသကဲ့သို့ ရာသီဥတု ရုတ်တရက်ပြောင်းလဲကာ ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ မိုးခေါင်မှုနှင့်ပတ်သက်သည့် ရိုက်ခတ်မှုများ ဖြစ်လာနိုင်သဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်စီစဉ်နေကြောင်း၊ အထူးသဖြင့် စားနပ်ရိက္ခာဖူလုံရေးကိုဦးစားပေး ပြင်ဆင်သွားမည်ဖြစ်ပြီး မိုးခေါင်မှုနှင့်ဆက်စပ်သော ကျန်းမာရေး လုံခြုံမှုဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကင်ညာ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာမဖူလုံတာတွေ ဖြစ်လာနိုင်ပါတယ်။ ကျန်းမာရေးလုံခြုံမှု ပြဿနာတွေလဲ ဖြစ်လာနိုင်တဲ့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေကို အခုကတည်းက ပြုလုပ်သွားပါမယ်။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းတယ်ဆိုတဲ့စကားအတိုင်း ကာကွယ်ခြင်းလုပ်ငန်းတွေကို အရှိန်မြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ကင်ညာနိုင်ငံ ပြည်သူ့ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ စံချိန်စံညွှန်းများဌာန အမြဲတမ်းအတွင်းဝန် မူတိုနီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လူ ၆၂ ဦးထက်မနည်းသေဆုံးခဲ့

**နယူးဒေလီ စက်တင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ ဒေသခံ ၆၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူနေအိမ် ၁၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် စက်တင်ဘာ ၂၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်ပြီး သုံးရက်တာကာလအတွင်း ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရေချိန်မှာ ၆၆ ဒသမ ၅ မီလီမီတာထိ မြင့်တက်ခဲ့ပြီး ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ခရိုင် ၇၅ ခရိုင်တွင် ၅၆ ခရိုင်ထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်ဖြစ်သည့် လပ်နောင်းမြို့သည်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့်မြို့မှာ စီတာပူရ်မြို့ဖြစ်ပြီး သေဆုံးသူ ၆၂ ဦးအနက် ခုနစ်ဦးမှာ စီတာပူရ်မြို့မှဖြစ်ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။

"ခရိုင်ပေါင်း ၇၅ ခရိုင်မှာ ၅၆ ခရိုင်လောက်ထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သုံးရက်တာကာလအတွင်း သေဆုံးသူ ၆၂ ယောက်ထက်မနည်း ရှိခဲ့သလို နေအိမ်ပေါင်း ၁၀၀၀ ကျော်ပျက်စီးခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြား ရှိခဲ့ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့တဲ့ တိရစ္ဆာန် ၁၅၄ ကောင်ရှိခဲ့ပါတယ်"ဟု ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော်လည်း လာမည့် ရက်ပိုင်းအတွင်း မိုးရွာသွန်းမှုရပ်တန့်သွားနိုင်ပြီး ရေကြီးရေလျှံမှုအခြေအနေ တည်ငြိမ်သွားနိုင်ကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# မက္ကဆီကိုနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ကာ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၉**

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း ပစိဖိတ်ကမ်းရိုးတန်း ဒေသသို့ ဟာရီကိန်းမုန်တိုင်းပိုလိုဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ကာ ဘာဟာကာလီဖော်နီးယားဆူရ်ပြည်နယ်ရှိ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟာရီကိန်းမုန်တိုင်းပိုလိုသည် စက်တင်ဘာ ၂၈ ရက်တွင် အမျိုးအစား(၃) ဟာရီကိန်းမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဝင်ရောက် တိုက်ခတ်စဉ်လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၈၅ ကီလိုမီတာခန့်ရှိခဲ့ပြီး မိုးရေချိန် မီလီမီတာ ၁၅၀ မှ ၃၀၀ ထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် ပင်လယ်ရေ မျက်နှာပြင်မြင့်တက်ခြင်းနှင့် လှိုင်းကြီးများ ရိုက်ခတ်မှုများကြောင့် ကမ်းရိုးတန်း ကာကွယ်ရေး အဆောက်အအုံများမှ ရေများ ကျော်ဝင်လာပြီး လမ်းများရေမြုပ်ခဲ့ကြောင်း၊ ဒေသခံရာနှင့်ချီ၍ အရေးပေါ်ခိုလှုံရေး စခန်းများသို့ ရွှေ့ပြောင်းပေးထားပြီး မက္ကဆီကို ရေတပ်ကလည်း ကမ်းရိုးတန်းဒေသနေ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးအဖွဲ့များကို အသင့်ပြင်ဆင်ထားကြောင်း သိရသည်။



မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်နေသဖြင့် အာဏာပိုင်များက ဒေသခံများကို သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တန်ဇန်းနီးယားနိုင်ငံ ကီလီမန်ဂျာရိုအမျိုးသားဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းနေသဖြင့် ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိ

**ဒိုဒိုမာ စက်တင်ဘာ ၂၉**

တန်ဇန်းနီးယားနိုင်ငံ ကီလီမန်ဂျာရို အမျိုးသားဥယျာဉ်အတွင်း စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တောမီးလောင်ကျွမ်းခဲ့ပြီး မီးငြှိမ်းသတ်ရေးအဖွဲ့များက တောမီးထိန်းချုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း တန်ဇန်းနီးယားအမျိုးသားဥယျာဉ်အာဏာပိုင်အဖွဲ့ (TANAPA) က ယနေ့တွင် ထုတ်ပြန်သည်။

အဆိုပါတောမီးသည် ကီလီမန်ဂျာရိုအမျိုးသားဥယျာဉ်အတွင်းရှိ ဆန်ဂါရီနီ-ကမ်ဝမ်ဂါဒေသမှ စတင်လောင်ကျွမ်းခဲ့ပြီး ရီရာကုန်းပြင်မြင့်ဘက်သို့ ပျံ့နှံ့လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်နှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များ၊ ဒေသခံပြည်သူများ၊ သဘာဝထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် တောမီးလောင်ကျွမ်းမှုကြောင့် ကီလီမန်ဂျာရိုတောင်သို့တက်သည့် လီမိုရှိုနှင့် လွန်ဒိုရိုစီ တောင်တက်လမ်းကြောင်းနှစ်ခုကို ယာယီပိတ်ထားကြောင်း၊ အဆိုပါလမ်းကြောင်းများကို အသုံးပြုရန် စီစဉ်ထားသည့် ခရီးသွားများအနေဖြင့် မက်ချာမီ၊ မာရန်ဂူ သို့မဟုတ် ရွန်ဂိုင်တောင်တက်လမ်းကြောင်းများကို အသုံးပြုရန် တန်ဇန်းနီးယားအမျိုးသားဥယျာဉ်အာဏာပိုင်အဖွဲ့ (TANA-PA) က ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဗြိတိန်နိုင်ငံတွင် ယခုနှစ် နွေကာလအတွင်း အပူချိန်မြင့်တက်ပြီး ကောက်ပဲသီးနှံများရိတ်သိမ်းရန် အခက်အခဲရှိနေ

**လန်ဒန် စက်တင်ဘာ ၂၉**

ဗြိတိန်နိုင်ငံတွင် ယခုနှစ် နွေကာလအတွင်း အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီး ငါးနှစ်တာကာလအတွင်း အဆိုးရွားဆုံး အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကာ ကောက်ပဲသီးနှံများ ရိတ်သိမ်းရန် အခက်အခဲရှိနေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

အပူချိန် မြင့်တက်မှုကြောင့် ဗြိတိန်နိုင်ငံအတွင်း ကျန်းမာရေးလုံခြုံမှုကျိုးပေါက်နေသည့်အပြင် စိုက်ပျိုးရေးကဏ္ဍတွင်လည်း သီးနှံအထွက်နှုန်းမှာ ငါးနှစ်တာကာလအတွင်း နှစ်စဉ် ပျမ်းမျှကောက်ပဲသီးနှံအထွက်နှုန်းထက် ၁၇ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (AHDB) က ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံမှာ နွေကာလအတွင်း အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ငါးနှစ်တာကာလအတွင်း အဆိုးရွားဆုံး အပူချိန်မြင့်တက်မှု ဖြစ်ပြီးတော့ ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ ရိုက်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ ဘုတ်အဖွဲ့အနေနဲ့ မိုးခေါင်မှုပြဿနာရဲ့ ရိုက်ခတ်မှုကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးဆက်နဲ့ပတ်သက်ပြီး စစ်တမ်းတွေ ကောက်ယူခဲ့ပါတယ်။ စစ်တမ်းတွေအရ ဒီနှစ်ဟာ ငါးနှစ်တာကာလအတွင်း နှစ်စဉ် ကောက်ပဲသီးနှံ ပျမ်းမျှအထွက်နှုန်းရဲ့ ၁၇ ရာခိုင်နှုန်းထိ လျော့ကျသွားခဲ့ပါတယ်"ဟု စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့(AHDB)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# အိမ်ထောင်ကြီးနှင့် မန်ကျည်းကိုးပင် အမွေခွဲဝေခြင်း

စိန်လှိုင်ဗိုလ်



တရားမဥပဒေ၊ တရားမကျင့်ထုံးဥပဒေတို့သည် လွန်စွာမှပင် ကျယ်ဝန်းနက်ရှိုင်းကြောင်း အခါအခွင့်သင့်တိုင်း ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အမွေဆက်ခံခြင်းကိစ္စ၌ အမွေခွဲဝေခြင်းကို မည်သူတို့က မည်မျှဆက်ခံကြရမည်ဆိုသော ပြဿနာသည် ပေါ်ပေါက်စမြဲဖြစ်နေဆဲဖြစ်သည်။ တရားမဥပဒေ၏ လေ့လာဆည်းပူး၍မကုန်ဆုံးနိုင်သော သံသရာတွင် မဆုံးနိုင်အောင်ဖြစ်ရခြင်းအပေါ်အခြေခံ၍ အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။ အမွေခွဲဝေခြင်းအငြင်းပွားမှုဖြစ်သည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ **အိမ်ထောင်ကြီးများသည် တစ်ဦး၏ အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးသက်ဆိုင်ခွင့်မရှိဟူသောဥပဒေသမှာ အိမ်ထောင်ကြီးလင်မယား၊ အသက်ထင်ရှားရှိစဉ်ကာလအတွင်းသာ သက်ဆိုင်သည်။ တစ်ဦးဦး ကွယ်လွန်သွားသောအခါ ကျန်တစ်ဦးက ကွယ်လွန်သူ၏ အမွေကိုဆက်ခံခွင့်ရှိကြောင်း** ဗဟိုတရားရုံးက စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားသော အမှုတစ်ခုရှိခဲ့ဖူးသည်။

**အိမ်ထောင်ကြီး**ဟူသော စကားလုံးအသုံးအနှုန်းကို မရင်းနှီးကြသူများအတွက်တင်ပြရပါလျှင် ငယ်လင်ငယ်မယားမဟုတ်၊ နောက်ထပ်တစ်ဖန် အသစ်အိမ်ထောင်ထူထောင်ကြသော ယခင်အိမ်ထောင်ရှိခဲ့ဖူးသောသူများကိုဆိုလိုပါကြောင်း အကျဉ်းမျှဖွင့်ဆိုရှင်းပြရပါသည်။ အနည်းငယ်ရှုပ်ထွေးပါသော်လည်း နားလည်နိုင်ရန် ကြိုးစား၍ ရှင်းပြထားသည်။ စာရေးသူကိုယ်တိုင်ပင်လျှင် ၎င်းအမှုစီရင်ထုံးကို နားလည်အောင် အကြိမ်ကြိမ်ဖတ်ရှုခဲ့ရသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဒေါ်မယ်ဘုံမ၊ ဒေါ်မယ်ကျက်နှင့် ဒေါ်မယ်လွန်းမယ်တို့သည် ညီအစ်မသုံးဦးဖြစ်ကြသည်။ ဒေါ်မယ်ဘုံမသည် ပထမကွယ်လွန်၍ **သမီးမရွှေအုံ ကျန်ရစ်သည်။** မရွှေအုံ၏ ပထမအိမ်ထောင်ကွဲပြီးနောက် မရွှေအုံသည် **အိမ်ထောင်ကြီး ဦးမင်းထီနှင့်အကြောင်းပါသည်။** ဒေါ်မယ်ကျက် ကွယ်လွန်ပြီးသောအခါ သားသမီးကျန်ရစ်ခြင်းမရှိချေ။ နောက်ဆုံး ကွယ်လွန်သူသည် ဒေါ်မယ်လွန်းမယ်ဖြစ်သည်။ သူကွယ်လွန်သောအခါ **အမွေမမီ မြေး** မသောင်းကြည် ကျန်ရစ်သည်။ မရွှေအုံသည် ပထမကွယ်လွန်၍ ဦးမင်းထီက နောက်ပိုင်းတွင် အနိစ္စရောက်သည်။ မဖွားစိန်သည် ဦးမင်းထီ၏ တူမနှစ်ဝမ်းကွဲဖြစ်သည်။

ဒေါ်မယ်ဘုံမတို့ညီအစ်မသုံးဦးတွင် မခွဲဝေရသေးသောပစ္စည်းများရှိရာ ၎င်းပစ္စည်းများတွင် မဖွားစိန်တို့သုံးစွဲနေသည့် မန်ကျည်းကိုးပင်လည်း ပါဝင်သည်။ မသောင်းကြည် (ကွယ်လွန်သူ ဒေါ်မယ်လွန်းမယ်၏ အမွေမမီမြေးဖြစ်သည်။) (မဖွားစိန်သည် ကွယ်လွန်သူ ဦးမင်းထီ၏ တူမနှစ်ဝမ်းကွဲဖြစ်သည်။)

မသောင်းကြည်က ၎င်းမန်ကျည်းပင်များမှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်းဖြင့် ကျောက်ပန်းတောင်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၈/၈၂ တွင် တရားစွဲဆိုရာ မသောင်းကြည် အနိုင်ရရှိခဲ့သည်။ မဖွားစိန်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက ဗဟိုတရားရုံးသို့ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သောကြောင့် မသောင်းကြည်က အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို၏ရှေ့နေက မဖွားစိန်တို့သည် မူလရုံးတွင် တစ်ဖက်သတ်ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်(၉)၊ နည်း(၁၃)အရ လျှောက်ထားရာ မအောင်မြင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ အယူခံရုံးဖြစ်သည့် မန္တလေးတိုင်းတရားရုံးသည် ၎င်းကိစ္စကို အဓိကထား၍စဉ်းစားရန်ဖြစ်ပါလျက် အယူခံကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားခဲ့သည်။

မြို့နယ်တရားရုံးသည် ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒီကရီချမှတ်ခဲ့ရာ မဖွားစိန်တို့က မန္တလေးတိုင်းတရားရုံးတွင် ၁၉၈၃ ခုနှစ် ဧပြီ ၂၁ ရက်၌ အယူခံဝင်ကြောင်း သိရသည်။ တန်ဖိုးအလျောက်ရုံးခွန်ထမ်းဆောင်၍ အယူခံဝင်ခြင်းဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ မူလရုံးချမှတ်သော တစ်ဖက်သတ်ဒီကရီကို အယူခံဝင်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ **တိုင်းတရားရုံးသည် အယူခံမှုတွင် အကြောင်းချင်းရာများကိုလည်းကောင်း၊ ဥပဒေပြဿနာများကိုလည်းကောင်း အဆုံးအဖြတ်ပေးခွင့်ရှိကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။**

တိုင်းတရားရုံးက မရွှေအုံ ကွယ်လွန်သောအခါ ၎င်း၏ပိုင်ရေးပိုင်ခွင့်များကို ခင်ပွန်း ဦးမင်းထီက ဆက်ခံကြောင်း၊ ဦးမင်းထီ ကွယ်လွန်ပြန်သောအခါ ၎င်း၏အခွင့်အရေးများသည် တူမ မဖွားစိန်ထံရောက်သွားကြောင်း၊ ဒေါ်မယ်ဘုံမတို့၏ အမွေကို မခွဲဝေရသေးသဖြင့် **မသောင်းကြည်သည် အမွေခွဲပေးစေရန်သာ တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်မည်မဟုတ်ကြောင်းသုံးသပ်၍** မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက မရွှေအုံနှင့် ဦးမင်းထီတို့သည် အိမ်ထောင်ကြီးများဖြစ်၍ မရွှေအုံ၏အထက်ပါပစ္စည်းသည် ခင်ပွန်းဖြစ်သူ ဦးမင်းထီအနေဖြင့် ပိုင်ဆိုင်ခွင့်မရှိကြောင်းဖြင့် **ဦးထန်မှတ်နှင့် ဦးဘသိန်းပါ ၁၊ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၃၄ အမှုကို ကိုးကား၍ လျှောက်ထားခဲ့သည်။** ၎င်းအမှုတွင် ဦးဘသိန်းနှင့် ဒေါ်ရုံးတို့သည် အိမ်ထောင်ကြီးလင်မယားဖြစ်သည်။ ဒေါ်ရုံးက ဦးထန်မှတ်အား မိမိပိုင်အိမ်မြေကို တန်ဖိုးငွေကျပ် ၃၅၀၀၀ နှင့်ရောင်းချရန် ကတိစာချုပ်ပြုလုပ်ခဲ့ရာ ဦးထန်မှတ်က ဒေါ်ရုံးအပေါ် အဆိုပါအိမ်နှင့်မြေကို စာချုပ်ချုပ်ဆိုခဲ့သည့်အတိုင်း သီးခြားဆောင်ရွက်စေရန် တရားစွဲဆိုသောအခါ အနိုင်ရရှိခဲ့သည်။

ထိုဒီကရီအရ အိမ်နှင့်မြေကို ပေးအပ်စေရန်အတွက် ဦးထန်မှတ်က ဇာရီပြုလုပ်သောအခါ ဦးဘသိန်းက အချင်းဖြစ်ပစ္စည်းသည် ဒေါ်ရုံး၏ အထက်ပါပစ္စည်းဖြစ်သော်လည်း မိမိနှင့် ဒေါ်ရုံးတို့မှာ အိမ်ထောင်ကြီးလင်မယားဖြစ်သဖြင့် မိမိသည် ထိုပစ္စည်းများအနက် တစ်ဝက်ကို ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဒေါ်ရုံးအပေါ် ဦးထန်မှတ် ရရှိထားသော ဒီကရီသည် မိမိပိုင်ပစ္စည်းတစ်ဝက်နှင့်စပ်လျဉ်း၍ မည်သို့အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေရန် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ အရ တရားစွဲဆိုရာ တရားရုံးချုပ်က အယူခံတွင် **"ဦးဘသိန်းသည် ဒေါ်ရုံး၏ အထက်ပါပစ္စည်းဖြစ်သော အချင်းဖြစ်မြေနှင့်အိမ်တွင် မည်သို့မျှ သက်ဆိုင်ခြင်းမရှိ"** ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**၎င်းစီရင်ထုံးအရ ဦးမင်းထီသည် မရွှေအုံနှင့် ပေါင်းသင်းစဉ် မရွှေအုံ၏ အထက်ပါပစ္စည်း၌ အကျိုးသက်ဆိုင်ခွင့်မရှိကြောင်း၊ သို့ရာတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အိမ်ထောင်ကြီးများသည် တစ်ဦး၏အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးသက်ဆိုင်ခွင့်မရှိဟူသော ဥပဒေသမှာ အိမ်ထောင်ကြီးလင်မယား သက်ရှိထင်ရှားရှိစဉ်ကာလအတွင်းသာ သက်ဆိုင်သည်။ တစ်ဦးဦး ကွယ်လွန်သွားသောအခါ ကျန်တစ်ဦးက ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိပေသည်။**

**ပုံမှန်အားဖြင့် အိမ်ထောင်ကြီးလင် သို့မဟုတ် မယား တစ်ဦးဦးကွယ်လွန်သွားသောအခါ ကွယ်လွန်သူ၏အထက်ပါပစ္စည်းကို ကျန်ရစ်သူက လေးပုံ တစ်ပုံ ဆက်ခံသည်။** သို့ဖြစ်၍ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ထို့နောက် မသောင်းကြည် တင်သွင်းလာသော အယူခံမှုကို ပလပ်လိုက်ပါသည်။ မဖွားစိန်၏ စွဲဆိုမှုကို အနိုင်ပေးခဲ့သည်။ **မသောင်းကြည်နှင့် မဖွားစိန်ပါ ၂၊ ၁၉၈၃ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် (၁၁၇)ကို** ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**❖ ၎င်းစီရင်ထုံးအရ ဦးမင်းထီသည် မရွှေအုံနှင့်ပေါင်းသင်းစဉ် မရွှေအုံ၏ အထက်ပါပစ္စည်း၌ အကျိုးသက်ဆိုင်ခွင့်မရှိကြောင်း၊ သို့ရာတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အိမ်ထောင်ကြီးများသည် တစ်ဦး၏အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးသက်ဆိုင်ခွင့်မရှိဟူသောဥပဒေသမှာ အိမ်ထောင်ကြီးလင်မယား သက်ရှိထင်ရှားရှိစဉ်ကာလအတွင်းသာ သက်ဆိုင်သည်။ တစ်ဦးဦးကွယ်လွန်သွားသောအခါ ကျန်တစ်ဦးက ကွယ်လွန်သူ၏အမွေကို ဆက်ခံခွင့်ရှိပေသည်။ ပုံမှန်အားဖြင့် အိမ်ထောင်ကြီးလင် သို့မဟုတ် မယား တစ်ဦးဦးကွယ်လွန်သွားသောအခါ ကွယ်လွန်သူ၏ အထက်ပါပစ္စည်းကို ကျန်ရစ်သူက လေးပုံတစ်ပုံဆက်ခံသည်။ ❖**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့




**ကျိုက်လတ် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေး ဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လ အတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ အတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာ ပေါ်ဆန်း ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက် နေပါတယ်။ အခုတင်ပို့ရောင်းချ နေတဲ့ ပေါ်ဆန်းဆန်တွေက အရည်အသွေး ကောင်းတဲ့အတွက် အရင်လကရော လက်ရှိလထဲမှာ ပါ အဝယ်လိုက်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေး ဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချနေ သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မိုင်းရှူးမြို့နယ် ကုန်းဆာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာ အုပ်စု ကုန်းဆာကျေးရွာ၌ ရေရရှိ ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မိုင်းရှူးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာ ဟန်နှင့် ဝန်ထမ်းများက ကုန်းဆာ ကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည်နှစ်မိုင် ရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူး က တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အဆိုပါလုပ်ငန်းကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း များကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၇၂၇ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် တင်ဒါအောင်မြင် သည့် ကုမ္ပဏီများက ယခုနှစ် ဇူလိုင်လစတုတ္ထအပတ်မှ စတင်၍ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင် နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး ပါက ကုန်းဆာကျေးရွာရှိ ကျေး လက်နေပြည်သူများ သန့်ရှင်း သော သောက်သုံးရေကို ရာသီ မရွေး ဖူလုံစွာရရှိသုံးစွဲနိုင်မည်ဖြစ် ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## မြို့သစ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၆၈၀ စိုက်ပျိုးမည်

**မြို့သစ် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူး ခရိုင် မြို့သစ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်း သီးဟင်းရွက် ဧက ၁၆၈၀ စိုက်ပျိုး သွားမည်ဖြစ်ကြောင်း တမူး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၆၈၀ စိုက်ပျိုးရန်လျာထားပြီး အောက် တိုဘာလပထမပတ်မှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ မြို့သစ်မြို့နယ်မှာ ဟင်းသီး ဟင်းရွက် ဧက ၁၀၀၀ ကျော် စိုက် ပျိုးဖို့လျာထားပါတယ်။ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဟင်းသီး ဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့ဟင်းသီး ဟင်းရွက်တွေ စိုက်ပျိုးမှာဖြစ်ပါ တယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်း ရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ် ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

ဟင်းသီးဟင်းရွက်ကို အထွက် နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင် မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် ဟင်းသီး ဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင် ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

## တွံတေးမြို့နယ် အိုင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တွံတေး စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေး ခရိုင် တွံတေးမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က အိုင်ကြီးကျေးရွာ၌ ကျေးလက် နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်း များ တိုးချဲ့လုပ်ကိုင်နိုင်ရေး အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်း ကို စက်တင်ဘာ ၂၈ ရက် နံနက် ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက အိုင်ကြီး ကျေးရွာရှိ ကျေးလက်နေပြည်သူ များ မိသားစုဝင်ငွေတိုးလုပ်ငန်း များ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ရန်ပုံငွေများ တိုးပွားလာသည်နှင့် အမျှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ဆက်လက်အကောင် အထည်ဖော် နိုင်ရေးတို့အတွက် ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ လုပ်ငန်းစဉ် များ၊ အတိုးနှုန်းနှင့် ကာလသတ် မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေး ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး အိုင်ကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များက အိုင်ကြီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်းနှင့် အခြားစီးပွား ရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦး ကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက တပ်ငူ ကျေးရွာအုပ်စု ကွမ်းခြံချောင်း ခေတ်မီစံပြကျေးရွာ၌ ကျေးလက် စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် လပွတ္တာခရိုင် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကွမ်းခြံ ချောင်း ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံ ငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း များဆောင်ရွက်နေမှု၊ လစဉ်ဖြည့် သွင်းရမည့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင် ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက် နေသည့် နှင်းဆီအဖွဲ့၊ စံပယ်အဖွဲ့ နှင့် ဘဲမွေးမြူရေးလုပ်ငန်းဆောင် ရွက်နေသည့်သဇင်အဖွဲ့နှင့် ယုဇန အဖွဲ့တို့ကို တစ်ဖွဲ့လျှင် ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၇၅ သိန်း ထုတ်ချေး ပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးထံမှ သိရသည်။

**တေဇာလင်း**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# လူငယ်များ ဗလငါးတန်ပြည့်ဝစေရေး

**မောင်လေပြေ(တောင်တွင်း)**

**"ပညာပြည့်ဝ နှလုံးလှသော်၊**
**ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊**
**ကျဉ်းကျယ် ထွင်းဖောက်၊**
**ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏"** ဟူ၍ မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင် ဖွဲ့ဆိုခဲ့သည်။

လူသားတိုင်းသည် မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် ငြိမ်းချမ်းသာယာလှပဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ရေးမှာ ပညာပြည့်ဝရုံသာမက နှလုံးလှစေရန် ဗလငါးတန်ပြည့်စုံစေရန် လိုအပ်သည်။

လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စာပေစကားဝိုင်းများ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများကို ကျင်းပကြရာ စာပေကဏ္ဍအနေဖြင့် စာရေးသူတို့ကိုဖိတ်ကြားကာ ဟောပြောဆွေးနွေးစေခဲ့သည်။

ဟောပြောဆွေးနွေးဖြစ်တိုင်းလည်း လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်ဟူသော မူလရည်ရွယ်ချက်ကို အကျုံးဝင်အောင် ဟောပြောဆွေးနွေးဖြစ်ခဲ့သည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ဤဆောင်းပါးတွင် လူငယ်များကို အဓိကထားကာ ရေးသားလိုပါသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေးမှာ အရေးပါသောအခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။ မျက်မှောက်ကာလနှင့် အနာဂတ်နိုင်ငံတော်တိုးတက်ရေးအတွက် အဓိကစွမ်းအားမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးပင်ဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ လူနေမှုဘဝများ မြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်များ လိုအပ်သည်။ ထိုအခြေခံအုတ်မြစ်များမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ခေတ်အဆက်ဆက် တန်ဖိုးထားခဲ့ကြသော "ဗလငါးတန်" ပင်ဖြစ်သည်။

မြန်မာအဘိဓာန်တွင် ဗလကို ခွန်အားဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဗလငါးတန်ကို ၁။ ကာယဗလ - ကာယအား ၂။ ဉာဏဗလ - ဉာဏအား ၃။ ဘောဂဗလ - ပစ္စည်းအား ၄။ စာရိတ္တဗလ - ကိုယ်ကျင့်အား ၅။ မိတ္တဗလ - မိတ်ဆွေအားဟူသော အားငါးပါးဟူ၍ ဖွင့်ဆိုထားသည်။

လူငယ်များ ဗလငါးတန်ပြည့်ဝစေရန် ရေးသားဟောပြောကြသောအခါ လူငယ်များ ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်များ ပညာရည်မြင့်မားရေး၊ လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်များ ပေါင်းသင်းဆက်ဆံရေးနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး၊ လူငယ်များ ဥစ္စာဓန ရှာဖွေစုဆောင်းရေး၊ စွန့်ဦးတီထွင်ခြင်း အတွေးအမြင်များ ရရှိရေးတို့အတွက် လူငယ်ဖွံ့ဖြိုးရေး အသိပညာများကို အဓိကထား ဖော်ညွှန်းကြလေ့ရှိသည်။

လူငယ်များသည် တိုင်းပြည်၏အနာဂတ်ရတနာများဖြစ်ကြသည်။ လူငယ်လေးများ ဘဝခရီးလမ်းတွင် အောင်မြင်မှုရရှိရန်နှင့် နိုင်ငံချစ်စိတ်အပြည့်အဝရှိကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်နိုင်ရန်မှာ ဗလငါးတန်ပြည့်ဝပြီး ပညာရည်မြင့်မားသော လူတော်လူကောင်းလေးများ မွေးမြူပေးရန် မဖြစ်မနေလိုအပ်မည်ဖြစ်သည်။

> ❖ **နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေးမှာ အရေးပါသောအခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။ မျက်မှောက်ကာလနှင့် အနာဂတ်နိုင်ငံတော်တိုးတက်ရေးအတွက် အဓိကစွမ်းအားမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးပင်ဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ လူနေမှုဘဝများ မြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောအခြေခံအုတ်မြစ်များ လိုအပ်သည်။ ထိုအခြေခံအုတ်မြစ်များမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ခေတ်အဆက်ဆက်တန်ဖိုးထားခဲ့ကြသော "ဗလငါးတန်" ပင်ဖြစ်သည်။** ❖

လူငယ်များအတွက် ကာယဗလနှင့် ဉာဏဗလဟူသော ရုပ်ပိုင်းဆိုင်ရာ ခွန်အားနှင့် စိတ်ပိုင်းဆိုင်ရာ ခွန်အားပြည့်ဝစေရန် လိုအပ်သည်။ လူငယ်တစ်ယောက် ဘဝကို စတင်ထူထောင်ရာတွင် ပထမဦးဆုံးလိုအပ်သည်မှာ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ် (ကာယဗလ) ဖြစ်သည်။ ရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ရှိမှသာ မိမိတို့၏ ဘဝရည်မှန်းချက်များကို အားသွန်ခွန်စိုက် ကြိုးစားနိုင်ကြမည်ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းစွာနေတတ်ပြီး ကျန်းမာခြင်းကို တန်ဖိုးထားတတ်ရန်နှင့် ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာသာမက အသိဉာဏ်ပညာဖြစ်သော ဉာဏဗလသည်လည်း ဒွန်တွဲလိုအပ်သည်။ စိတ်နှင့်ရုပ်မှာ ဆက်စပ်နေရာ စိတ်ထောင်းကိုယ်ကြေမဖြစ်ရလေအောင် ဉာဏအား ကောင်းမွန်ရန်လိုအပ်သည်။ လူငယ်များ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာသင်ကြားခြင်း၊ စာအုပ်စာပေများဖတ်ရှုခြင်းများဖြင့် ဖြည့်စွမ်းကြရမည်ဖြစ်သည်။ အသိဉာဏ်ပညာ ဖွံ့ဖြိုးမှသာလျှင် လောကီလောကုတ္တရာပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ရုံမျှမက အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော ပညာရည်ပြည့်ဝကာ မိမိအကျိုးသာမက တိုင်းပြည်နှင့်လူမျိုးအကျိုး၊ ကမ္ဘာလောကကြီး၏ အကျိုးကို သယ်ပိုးနိုင်သော လူကောင်းလူတော်လေးများ ဖြစ်လာကြမည်ဖြစ်သည်။

လူငယ်တိုင်းအတွက် စာရိတ္တဗလဖြစ်သော ကိုယ်ကျင့်တရားကောင်းမွန်ရေးမှာ အဓိကမဏ္ဍိုင်ပင်ဖြစ်သည်။ မည်မျှပင် ပညာတတ်စေကာမူ အကျင့်စာရိတ္တမကောင်းပါက ထိုပညာသည် လောကအတွက် အဆိပ်အတောက် ဖြစ်သွားနိုင်သည်။ အကျင့်စာရိတ္တဟူသော ကိုယ်ကျင့်တရားကောင်းမွန်သူအတွက် အခြားသောခွန်အားများသည်လည်း အဘက်ဘက်မှ ပြည့်စုံလာနိုင်မည်ဖြစ်သည်။ ကောက်သော်မစားလောက် ဖြောင့်သော်စားမနိုင်၊ သီလစောင့်မှ အူမတောင့်မည် စသော ဆိုစကားများသည် စာရိတ္တဗလပြည့်စုံမှုကို ရည်ညွှန်းနေပါသည်။

လူငယ်များသည် စာရိတ္တကောင်းမွန်မှသာလျှင် မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ကို ကောင်းကျိုးပြုနိုင်ကြမည်ဖြစ်သည်။ လူငယ်များ စာရိတ္တယိုယွင်းပျက်စီးပါက မိမိ မိသားစုသာမက မိမိနိုင်ငံနှင့် လူ့အသိုက်အဝန်းတစ်ခုလုံးကို ဖျက်ဆီးလိုသော အဖျက်စိတ်များဝင်ကာ အန္တရာယ်များပင် ပြုလာကြမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များ စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာရန်မှာ အသက်တမျှ အရေးကြီးလှသည်။

လူငယ်များသည် မိမိကိုယ်ကို ထိန်းကျောင်းနိုင်ပြီး မှန်မြတ်သော ကိုယ်ကျင့်တရားရှိရန်လိုအပ်သည်။ ထိုသို့စာရိတ္တမဏ္ဍိုင် မယိမ်းမယိုင် ခိုင်မာမှသာ ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် အခက်အခဲများစွာကို အားအင်ပြည့်ဝစွာဖြင့် ယုံကြည်ချက်ရှိရှိ ကျော်ဖြတ်နိုင်ကြမည်ဖြစ်သည်။

လူငယ်များတွင် မိတ္တဗလနှင့် ဘောဂဗလလည်း ပြည့်ဝရန် လိုအပ်သည်။ လူငယ်များသည် ဘဝအောင်မြင်ရေးအတွက် ကြိုးစားကြရာတွင် လူမှုအသိုက်အဝန်းနှင့် ကင်းကွာ၍ မရနိုင်ပေ။ ထို့ကြောင့် မိတ်ကောင်းဆွေကောင်း၊ အပေါင်းအသင်းကောင်း ရှိရန် လိုအပ်သည်။ ခင်မင်စစ်မှန်သော မိတ်ဆွေများ၏ဝိုင်းဝန်းကူညီမှုကြောင့် မည်သည့်လုပ်ငန်းမဆို ပိုမိုတွင်ကျယ် အောင်မြင်နိုင်သည်။

စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ ဘောဂဗလဟူသော ပစ္စည်းအားပင်ဖြစ်သည်။ လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တခွန်အားတို့ကိုအခြေခံ၍ တရားသဖြင့် စီးပွားဥစ္စာတို့ကို ရှာဖွေစုဆောင်းတတ်ရန်လိုအပ်သည်။ သို့မှသာ မိမိဘဝအတွက်သာမက နိုင်ငံတော်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လူငယ်တိုင်းသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသည့် အင်အားငါးရပ်စလုံးစုံညီစွာ ပြည့်ဝရန် လိုအပ်သည်။ အထူးသဖြင့် တိုင်းပြည်၏ ရတနာများဖြစ်ကြသော လူငယ်ထုတစ်ရပ်လုံးက မိမိတို့၏ ဘဝအားမာန်ကို ဗလငါးတန်ဖြင့် တည်ဆောက်ပြီး ညီညာဖြဖြစုပေါင်းအားဖြင့် ကြိုးစားကြမည်ဆိုလျှင် မိမိတို့ကိုယ်တိုင် အောင်မြင်ရုံသာမက မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပါ ကမ္ဘာ့အလယ်တွင် တင့်တယ်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၀၅၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ဝက်လက် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၀၅၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၃၈၅၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၆၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်းဧက ၃၈၅၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ ဒေသမရွေး သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ခုံးစိမ်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဩဂုတ်လအတွင်းက ခုံးစိမ်းပိဿာချိန် ၄၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ခုံးစိမ်းပိဿာချိန် ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ခုံးစိမ်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါခုံးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက်ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ခုံးစိမ်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ခုံးစိမ်းတွေကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာ ဖြစ်ပါတယ်။ ဒေသထွက် ခုံးစိမ်းတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို ခုံးစိမ်းတွေ ပိုမိုတင်ပို့ရောင်းချအားကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ပင်လယ်စာ ခုံးစိမ်းများကို ရေလုပ်သားများထံမှဝယ်ယူပြီးရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။ **ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် ဝက်တိုး(ရွာမ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဝက်တိုး(ရွာမ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှု လျှော့ချရေးအတွက် အထောက်အကူပြုပုံတို့ကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝက်တိုး(ရွာမ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၃ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကိုငွေကျပ် ၂ ဒသမ ၁ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ – ၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ – ၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃- ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ပုသိမ်ကြီးမြို့နယ်၊ အကျဲယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄၇၁၊ ဦးပိုင်အမှတ် ၆၄ ဧရိယာ ၁.၀၄ ဧက၊ ဦးပိုင်အမှတ် (၂၆၀၊ ၂၆၁၊ ၂၈၆၊ ၂၈၇) စုစုပေါင်း ဧရိယာ ၂.၇၀ ဧက၊ ဒေါ်လှမွေး အမည်ပေါက် စုစုပေါင်း ၃.၇၄ ဧကရှိ လယ်ယာမြေကို ဒေါ်လှမွေး(၉/ပသက(နိုင်)၀၃၂၇၆၈)ထံမှ ကြာနီကန်ကျေးရွာနေ ဒေါ်သူဇာဝင်း(၉/ပသက(နိုင်)၁၃၆၇၀၉)ထံသို့ အပြီးအပိုင်ရောင်းချရန် သဘောတူထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးစီးသည်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သူဇာဝင်း(၉/ပသက(နိုင်)၁၃၆၇၀၉)
ကြာနီကန်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၃၀၄)နေ (ဘ) ဦးလှိုင်မင်းဦး (မိခင်) ဒေါ်သန္တာဦးတို့၏သားဖြစ်သူ မောင်ရှင်းသန့်ဦးသည် မိဘများ၏ဆိုဆုံးမမှုများကို နားမထောင်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်မင်းဦး(၉/မဟမ(နိုင်)၀၁၅၈၉၄)
ဒေါ်သန္တာဦး(၉/ခအဇ(နိုင်)၀၂၇၉၇၇)

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးရွာနေ ဒေါ်ယဉ်ယဉ်မြင့် (ဘ) ဦးမောင်မောင်(၅/ကလတ(နိုင်)၀၀၇၁၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-838463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-755790111

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး**

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ Grade-7(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးချိုမိုး၏သမီး မနှင်းနုနုဝေအား **မနှင်းနုဝေ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနှင်းနုဝေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ညောင်ပင်ကုန်းကျေးရွာ၊ အထက-မြို့သာကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မနှင်းနုဝေ၏ဖခင် **ဦးဆွေ (ခ) မောင်ဆွေ** သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဆွေ (ခ) မောင်ဆွေ(၅/ငဇန(နိုင်)၀၃၃၅၇၂)

**အဖိုးတန်ရေချိုကို ချွေတာပါ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

ရတနာပုံ ယနေ့ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

စာမျက်နှာ - ၂၀

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြိုင်ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၂၃ ကော်လံ ၁ ◆

ရတနာပုံ ယနေ့ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၆

လူငယ်များ
ဗလငါးတန်ပြည့်ဝစေရေး
ဆောင်းပါး

စာမျက်နှာ - ၂၈

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်(**ယနေ့**) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel၊ မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Walmart NW Arkansas Championship ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် နီရှိမူယာ ချန်ပီယံဆုဆွတ်ခူး

ဝါရှင်တန် စက်တင်ဘာ ၂၉

LPGA Tour အဖွဲ့ချုပ်က ကြီးမှူးပြီး အမေရိကန်နိုင်ငံ ရော်ဂျာမြို့တွင် ကျင်းပခဲ့သည့် Walmart NW Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် နီရှိမူယာ ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် နီရှိမူယာသည် ပထမအကျော့တွင် စုစုပေါင်းရိုက်ချက် ၆၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက် ရှစ်ချက်လျော့၊ စာမျက်နှာ ၂၃ ကော်လံ ၄ ✱

# အောင်မြေသာစံမြို့နယ်အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့မွန်းလွဲ ၁ နာရီ ၅၇ မိနစ် ၀၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် လေးမိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အောင်မြေသာစံမြို့နယ်၏ အနောက်–အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့နံနက် ၆ နာရီခွဲချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေ ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မြဝတီမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)